# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်၊ အင်္ဂါနေ့ ၊ (1-8-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၉၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်( ၅ )ရပ်

၁။ ပြည်သူတို့၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် **(NCA)**ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့် ကာလကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ နောက်ထပ်ခြောက်လ သက်တမ်းတိုးမြှင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**
**ကြေညာချက်အမှတ် ၂/၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက်
(၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၃)ကို ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထပ်မံသက်တမ်းတိုးထားသည့် ခြောက်လတာကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်၊နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်နှင့်

**စာမျက်နှာ ၂၇ ကော်လံ ၁**သို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃) ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃) ကျင်းပစဉ်။ (သတင်း စာမျက်နှာ-၁၉)




ရတနာပုံ
၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်
အယ်ဒီတာ့အာဘော်

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

ဝါဆိုဟူသော ဝေါဟာရသည် ပါဠိစကား ဝဿ-ဝါသမှ ဝါဆိုခြင်းဟု အနက်ရသည်။ ဗုဒ္ဓဘုရားရှင်သာသနာတော်ရှိ ရဟန်းသံဃာများသည် ဝိနည်းတော်နှင့်အညီ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်းသုံးလပတ်လုံး အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားလာမှုမရှိဘဲ တစ်ကျောင်းတည်း တစ်နေရာတည်းတွင်သာ သီတင်းသုံးပါမည်ဟု ဘုရားရှင်ရှေ့တွင် ရွတ်ဆိုအဓိဋ္ဌာန်ပြုကာ ဝါကပ်ကြသည်ကိုရည်ရွယ်ပြီး ဝါဆိုလဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

ပုဂံခေတ်ကျောက်စာများတွင် ဝါဆိုလကို "မလွှယ်တာ၊ မြွယ်တာ၊ နွယ်တာ၊ နွေတာ"ဟူ၍ အမျိုးမျိုးခေါ်ဝေါ်ကမွည်းရေးထိုးခဲ့သည်။ မြွယ်=လယ်မြေ။ တာ=တိုင်းတာခြင်း၊ ပိုင်းခြားခြင်း၊ ကူးပြောင်းခြင်း။ လယ်မြေများကို တိုင်းတာသော အခါသမယဟု အနက်ရသည်။ ထို့ပြင် နွေ=နွေရာသီ။ တာ (အတိတ)=လွန်လေပြီးသောလ။ နွေတာ (နွယ်တာ)မှာ နွေရာသီလွန်ခဲ့ပြီးသော မိုးအခါကာလ။ နွေမှမိုးသို့ ကူးပြောင်းသောလဟုလည်းဆိုကြသည်။

ထူးမြတ်လှသည့် ဂုဏ်ထူးဝိသေသများနှင့် ပြည့်ဝသည့် လမြတ်ဝါဆို၏ ရာသီအမည်မှာ ကရကဋ်၊ ရာသီရုပ်မှာ ပုစွန်လုံး၊ ရာသီပွဲမှာ ပဥ္စင်းခံပွဲ၊ ရာသီပန်းမှာ မုလေး၊ ပုန်းညက်၊ စန်းယှဉ်နက္ခတ်မှာ အာသဠ် စသည်ဖြင့် နက္ခတ္တဗေဒပညာရှင်များက မှတ်တမ်းတင်ထားခဲ့ကြသည်။

မြတ်စွာဘုရားသည် ဘုရားစင်စစ် ဧကန်ဖြစ်တော်မူသောအခါ "အဘယ်သူ့အား တရားဟောကြားအံ့နည်း"ဟု ဆင်ခြင်တော်မူရာ မိမိဒုက္ကရစရိယာခြောက်နှစ်ပြည့်စဉ်က လုပ်ကျွေးခဲ့ဖူးသော "ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဟူသည့်ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောကြားရန် ဆင်ခြင်တော်မူခဲ့သည်။ ထို့ကြောင့် မိဂဒါဝုန်တောရှိ ပဉ္စဝဂ္ဂီငါးဦးထံသို့ ဘုရားရှင်ကြွတော်မူပြီး ဓမ္မစကြာတရားဒေသနာတော်ကြီးကို ဟောကြားတော်မူခဲ့သည်။ ဓမ္မ=သစ္စာလေးပါးအမှန်တရား၊ စက္က=အမှန်တရား အဖန်ဖန်အထပ်ထပ်လှည့်တတ်သော၊ ပဝတ္တန=ဖြစ်ခြင်း၊ ဓမ္မစက္ကပဝတ္တန (ဓမ္မစကြာ)ဆိုသည်မှာ သစ္စာလေးပါးအမှန်တရားကို စက်ကဲ့သို့ အဖန်ဖန်အထပ်ထပ် ဟောတော်မူသောတရားဟု အဓိပ္ပာယ်ရသည်။

ဓမ္မစကြာတရားတော်၏ အနှစ်ချုပ်မှာ သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါးဖြစ်သည်။ သစ္စာလေးပါးမှာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့ဖြစ်ပြီး မဂ္ဂင်ရှစ်ပါးမှာ သမ္မာဒိဋ္ဌိ(ကောင်းစွာမြင်ခြင်း)၊ သမ္မာသင်္ကပ္ပ(ကောင်းစွာကြံခြင်း)၊ သမ္မာဝါစာ(ကောင်းစွာဆိုခြင်း)၊ သမ္မာကမ္မန္တ (ကောင်းစွာပြုခြင်း)၊ သမ္မာအာဇီဝ(ကောင်းစွာအသက်မွေးခြင်း)၊ သမ္မာဝါယမ(ကောင်းစွာအားထုတ်ခြင်း)၊ သမ္မာသတိ (ကောင်းစွာအောက်မေ့ခြင်း)၊ သမ္မာသမာဓိ(ကောင်းစွာတည်ကြည်ခြင်း)ဟူ၍ဖြစ်သည်။

မြတ်စွာဘုရားဟောကြားတော်မူသော ဓမ္မစကြာတရားတော်ကို နာယူပြီး ပဉ္စဝဂ္ဂီငါးဦးတို့သည် ဝါဆိုလပြည့်နေ့မှစ၍ အသီးသီး သောတာပန်တည်တော်မူကြသည်။

သို့ဖြစ်ရာ မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးဟောကြားသော ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ဟု ဗုဒ္ဓဘာသာဝင်အပေါင်းတို့က အရိုအသေအလေးအမြတ်ပြုကြသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဓမ္မစကြာတရားများ ရွတ်ဖတ်ပူဇော်ခြင်းစသည့် ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ကောင်းမှုများပြုကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ယခုပညာသင်နှစ်တွင် သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများကို ပံ့ပိုးကြေးနှင့်ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ




**မန္တလေး ဇူလိုင် ၃၁**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ယူမည့် ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ပံ့ပိုးကြေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီက ယာဉ်လုပ်ငန်းများကြီးကြပ်ရေး လုပ်ငန်းကော်မတီရုံး စိန်မန္တလေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲမှူးချုပ် စိန်လွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်စိုး၊ မန္တလေးတိုင်းဒေသကြီး (ကုန်တင်ယာဉ်-ခေါက်တိုယာဉ်) ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသန်းအောင်တို့က ပညာရည်ချွန်ဆုနှင့် ပံ့ပိုးကြေးပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်း အောင်မြင်သူများနှင့် ယခုပညာသင်နှစ် ပညာသင်ယူမည့်ကျောင်းသား၊ ကျောင်းသူများကို ပညာရည်ချွန်ဆုနှင့်ပံ့ပိုးကြေးများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထိုသို့ ကျောင်းသား၊ကျောင်းသူများကို ပညာသင်ပံ့ပိုးကြေးနှင့် ပညာရည်ချွန်ဆုများ ပေးအပ်ရာတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူတစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀၊ အထက်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀၊ မူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှင့်ဂုဏ်ထူးရရှိသူများကို တစ်ဘာသာလျှင် ထပ်ဆောင်း ငွေကျပ် ၃၀၀၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီး (ကုန်တင်ယာဉ်-ခေါက်တိုယာဉ်) ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ ပညာသင်ပံ့ပိုးကြေးပေးရာတွင် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၉ ဦး၊ အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၇၄ ဦး၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၁၆၀၊ တက္ကသိုလ်ဝင်တန်းရိုးရိုးအောင်မြင်သူ သုံးဦး၊ ဂုဏ်ထူးဖြင့်အောင်မြင်သူတစ်ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၈၇ ဦးတို့အတွက် ငွေကျပ် ၉၅ သိန်းကျော်ကို ချီးမြှင့်ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ (၁၈၅)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေထောက်ပဲနှင့်စားတော်ပဲ အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းရရှိလာ

**မန္တလေး ဇူလိုင် ၃၁**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေထောက်ပဲနှင့် စားတော်ပဲ အရောင်းအဝယ် ကောင်းမွန်ပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က မြေထောက်ပဲနှင့် စားတော်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် မြေထောက်ပဲနှင့် စားတော်ပဲကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်မှာ အကောင်းဆုံးအနေအထားတွင် ရှိနေကြောင်း သိရသည်။

"မြေထောက်ပဲနဲ့ စားတော်ပဲက အရင်တစ်ပတ်လောက်က အဝယ်သိပ်ပြီးမလိုက်တာကြောင့် မန္တလေးဈေးကွက်ထဲဈေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာ အရောင်းအဝယ် ပြန်ကောင်းလာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဇူလိုင် ၂၄ ရက် ပေါက်ဈေးအရ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ သာရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ မြေထောက်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဇူလိုင် ၂၄ ရက် ပေါက်ဈေးအရ စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၈၀၀၀ သာရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်၂၀၇၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်း ဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ (၁၈၄)

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ဆင်ကျွန်းကျေးရွာ၌ ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ

**မန္တလေး ဇူလိုင် ၃၁**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ဆင်ကျွန်းကျေးရွာ၌ ဇူလိုင်လ နောက်ဆုံးပတ်မှစ၍ ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့်ကျေးရွာများထဲမှ ခရီးသွားများ လတ်တလောစိတ်ဝင်စားမှုရှိသည့် ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ဆင်ကျွန်းကျေးရွာဖြစ်ကြောင်း၊ ဆင်ကျွန်းကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းများ အပါအဝင် အခြားစိတ်ဝင်စားစရာများကိုလည်း ခရီးသွားများ လေ့လာကြကြောင်း သိရသည်။

"အခု ဆင်ကျွန်းကျေးရွာကို လည်ပတ်တဲ့ ခရီးသွားတွေကလဲ မတ္တရာမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ထဲမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေကိုလဲ သွားရောက်ကြည့်ရှုမှုတွေရှိပါတယ်"ဟု ဦးမောင်မောင်လေးကပြောပြသည်။

မတ္တရာမြို့နယ်အတွင်းရှိ ဆင်ကျွန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ ဇူလိုင်လ ဒုတိယပတ်က တစ်ရက်လျှင် ဦးရေ ၆၀ကျော်သာရှိခဲ့သော်လည်း ဇူလိုင်လနောက်ဆုံးပတ်တွင် ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းမှာတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်"ဟု ဦးမောင်မောင်လေးက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လူတိုင်းအတွက်ဗီတာမင်(အပိုင်း-၂)

ပါမောက္ခကိုကိုအောင်




ဗီတာမင် A သည် လူ့ခန္ဓာကိုယ်အတွင်းရှိ တစ်ရှူးများခြောက်မသွားအောင် အထောက်အကူပေးသည့်အပြင် မျက်စိအမြင်အားကောင်းစေရန်အတွက်လည်း များစွာအထောက်အကူပြုသည်။ ဗီတာမင် A ကို ငါးကြီးဆီနှင့် ကြက်ဥ၊ ဘဲဥ စသောဥများ၏ အဝါရောင်အနှစ်တို့ကိုစားသုံးခြင်းအားဖြင့်လည်းကောင်း၊ ကန်စွန်းဥ၊ မုန်လာဥနှင့် အဝါရောင်ဟင်းသီးဟင်းရွက်များ၊ အစိမ်းရောင်ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းအားဖြင့်လည်းကောင်းရရှိနိုင်သည်။ ဗီတာမင် A ချို့တဲ့မှုများပြားလာပါက အမြင်အာရုံလျော့နည်းလာခြင်းမှ မျက်စိကွယ်သည်ထိ ဖြစ်နိုင်ကြောင်း ဆေးသိပ္ပံပညာရှင်များက သတိပေးထားကြသည်။

ဗီတာမင် B သည် အုပ်စုတစ်စုဖြစ်ပြီး B1၊ B2 စသောအုပ်စုဝင်ဗီတာမင်များပါဝင်နေသည်။ ဗီတာမင် B1 သည် နှလုံးနှင့်အာရုံကြောများ ချောမွေ့စွာလှုပ်ရှားလည်ပတ်နိုင်အောင် ကောင်းစွာအထောက်အကူပြုပေးသည်။ ဗီတာမင် B1 ချို့တဲ့ပါက ဘယ်ရီဘယ်ရီ(Beri Beri) ခေါ် ဗီတာမင်ချို့တဲ့အားနည်းသည့်ရောဂါကို ခံစားရနိုင်သည်။ ဆန်လုံးညိုနှင့် ဂျုံစသည်တို့မှ ဗီတာမင် B1 ကို အဓိကရရှိနိုင်ပြီး ပဲ၊ ပဲသီး၊ အခွံမာသီး၊ အသားနှင့်ငါး စသည်တို့ကိုစားသုံးခြင်းဖြင့်လည်း ရရှိနိုင်သည်။

ဗီတာမင် B2 သည် နှုတ်ခမ်းကွဲခြင်းနှင့် ကျိုးကန်းပါးစပ်နာဖြစ်ခြင်းတို့မှ ကာကွယ်ပေးနိုင်သော ဗီတာမင်တစ်မျိုးဖြစ်သည်။ အဆိုပါဗီတာမင်ကို ရရှိနိုင်သောအစားအစာများမှာ ပဲစင်းငုံ၊ မြေပဲ၊ ဥအနှစ်၊ တိရစ္ဆာန်တို့၏ အသည်းနှင့် နှလုံး စသည်တို့ဖြစ်ကြသည်။ ဗီတာမင် B အုပ်စုဝင်တစ်မျိုးဖြစ်သော ဗီတာမင် B3 ကမူ အရေပြားရောင်ရမ်းခြင်း၊ ဝမ်းလျှောခြင်းတို့မှ ကာကွယ်ပေးနိုင်ပြီး ၎င်းဗီတာမင် B3 ကို အဓိကအားဖြင့် မြေပဲမှရရှိနိုင်သည်။

ဗီတာမင် B12 သည် ခန္ဓာကိုယ်အတွင်းရှိ အာရုံကြောများအားကောင်းစေရန်နှင့် သွေးအားကောင်းစေရန် အဓိကအထောက်အပံ့ပြုသည်။ နွားနို့၊ ကြက်ဥ၊ အသား၊ ငါးနှင့် အသည်း စသည်တို့ကို စားသုံးခြင်းအားဖြင့် ဗီတာမင် B12 ကို ရရှိနိုင်ပြီး ပဲပင်၊ ပဲသီး၊ ပဲညွန့်နှင့် အချဉ်ဓာတ်ပါသော ရှောက်၊ သံပရာစသည့်အသီးများမှလည်း ရရှိနိုင်သည်။

အခြားဗီတာမင်တစ်မျိုးဖြစ်သည့် ဖောလစ်အက်စစ်(Folic Acid) ကမူ ကလေးငယ်များတွင် ဖြစ်ပွားတတ်သော ရောဂါဝေဒနာများကို ကာကွယ်ပေးနိုင်သည့်အာနိသင်နှင့်ပြည့်စုံသည်။ သဘာဝအစားအစာများမှတစ်ဆင့်မဟုတ်ဘဲ တိုက်ရိုက်သောက်သုံးခြင်းဖြင့်သာ ရရှိနိုင်သော Folic Acid သည် ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက် အကောင်းဆုံးသော ဗီတာမင်ဆေးဝါးတစ်မျိုးအဖြစ် တစ်ကမ္ဘာလုံးတွင် ကျယ်ပြန့်စွာသုံးစွဲလျက်ရှိနေကြသည်။

ဗီတာမင်အမျိုးအစားများအနက် လူသိများထင်ရှားသော ဗီတာမင်တစ်မျိုးမှာ ဗီတာမင် C ပင်ဖြစ်သည်။ ခန္ဓာကိုယ်အတွင်း သွေးလှည့်ပတ်မှုအားကောင်းစေရန်အတွက်လည်းကောင်း၊ အနာဒဏ်ရာများကို အလွယ်တကူကျက်စေရန်အတွက်လည်းကောင်း၊ အရိုးနှင့်သွားများကို ခိုင်မာစေရန်အတွက်လည်းကောင်း ကောင်းစွာအထောက်အကူပြုပေးသည့် ဗီတာမင် C ကို အချဉ်ဓာတ်ပါသောအသီးများနှင့် ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ် စသည်တို့ကိုစားသုံးခြင်းအားဖြင့် ရရှိနိုင်သည်။

ဗီတာမင် D သည် သွေးထဲ၌ ကယ်စီယမ်ဓာတ်ကြွယ်ဝစေရန်အတွက်လည်းကောင်း၊ အာရုံကြောနှင့် ကြွက်သားကလာပ်စည်းများ အားကောင်းစေရန်အတွက်လည်းကောင်း၊ ကလေးငယ်များကို အရိုးပျော့ရောဂါမှ ကာကွယ်ပေးရန်အတွက်လည်းကောင်း ထိရောက်စွာအထောက်အကူပြုသည်။ ဗီတာမင် D ကို ငါးကြီးဆီနှင့် ဥအမျိုးမျိုးတို့ကို စားသုံးခြင်းအားဖြင့် လွယ်လင့်တကူ ရရှိနိုင်သည်။

လူ့ခန္ဓာကိုယ်၏ အိုမင်းရင့်ရော်ခြင်းကို ကောင်းစွာအကာအကွယ်ပြုပေးနိုင်သော ဗီတာမင်တစ်မျိုးမှာ ဗီတာမင် E ဖြစ်သည်။ ဗီတာမင် E သည် ဟင်းသီးဟင်းရွက်ဆီ၊ ပဲပိစပ်ဆီ၊ နေကြာစေ့နှင့် ပြောင်းဖူးစသည်တို့တွင် သဘာဝအလျောက် ပါဝင်နေပြီး ၎င်းအစားအစာများကို ပုံမှန်စားသုံးသွားခြင်းအားဖြင့် အချိန်မတိုင်မီအိုမင်းရင့်ရော်ခြင်းမှ ကာကွယ်နိုင်ကြသည်။

အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ၊ နို့ထွက်ပစ္စည်းများ၊ ဂေါ်ဖီထုပ်၊ ကိုက်လန်၊ ဟင်းနုနယ်စသည်တို့တွင်ပါဝင်သော ဗီတာမင် K ကမူ ခန္ဓာကိုယ်သွေးခဲမှုနှေးကွေးခြင်းမှ ထိရောက်စွာကာကွယ်ပေးနိုင်သည်။ အဆိုပါအစားအသောက်များအပြင် ဝက်သားနှင့် ဝက်အသည်း စသည်တို့ကိုစားသောက်ခြင်းအားဖြင့်လည်း ဗီတာမင် K ကို ရရှိနိုင်သည်။

ဂျပန်သိပ္ပံပညာရှင်များသည် ၂၀၀၃ ခုနှစ်အတွင်းက ဗီတာမင် B အုပ်စုဝင်အမျိုးအစားတစ်ခုဖြစ်သော ပီပီကျူ(ppq) ကို ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ကြွက်များနှင့်စမ်းသပ်ချက်အရ လူသားတို့အတွက် အရေးကြီးသော ဗီတာမင်တစ်မျိုးဖြစ်ကြောင်း သိရှိခဲ့ကြရသည့် ပီပီကျူသည် မျက်မှောက်ကာလတွင် နောက်ဆုံးဖော်ထုတ်တွေ့ရှိခဲ့သော ဗီတာမင်အမျိုးအစားသစ်ပင်ဖြစ်သည်။ ပဲပိစပ်၊ တရုတ်နံနံ၊ လက်ဖက်၊ ငရုတ်ကောင်းနှင့် ကီဝီသီးတို့ကို စားသုံးခြင်းအားဖြင့် ပီပီကျူကိုရရှိနိုင်ကြောင်း ဂျပန်သုတေသီတို့က ထုတ်ပြန်ခဲ့ကြသည်။

အချို့သောသူတို့သည် မိမိတို့ကြိုက်နှစ်သက်သည့် အစားအသောက်မဟုတ်စေကာမူ မိမိခန္ဓာကိုယ်ကျန်းမာရေးအတွက် ညီညွတ်မျှတအောင် စားသုံးလေ့ရှိကြသော်လည်း အများစုတို့ကမူ မိမိတို့နှစ်သက်သော အစားအသောက်များကို ခုံမင်တပ်မက်စွာစားသုံးပြီး မနှစ်သက်သောအစားအစာများကို လုံးဝရှောင်ကြဉ်လေ့ရှိကြသည်။ ထိုသို့ ရှောင်ကြဉ်ထားကြသောအစားအစာများထဲတွင် လူများအတွက် အကျိုးပြုနိုင်သည့် ဗီတာမင်များစွာပါဝင်နေတတ်သည့်အားလျော်စွာ မိမိခန္ဓာကိုယ်အတွက် အသုံးဝင်သောဓာတုပစ္စည်းကို လက်မခံလိုကြခြင်း၏ သို့တည်းမဟုတ် လက်ခံရကောင်းမှန်းမသိကြခြင်း၏ နောက်ဆက်တွဲအကျိုးဆက်အဖြစ် ရောဂါဘယများထွေပြားလာလေ့ရှိကြသည်။

မိခင်၏ဝမ်းကြာတိုက်ထဲတွင် ပဋိသန္ဓေနေရချိန်မှစ၍ လူ့ဘဝတစ်လျှောက်လုံးတွင် ဗီတာမင်ကို အမြဲမပြတ်လိုအပ်သည်မှာ မှန်သော်လည်း တစ်ခါတစ်ရံ၌ လူ့ခန္ဓာကိုယ်ထဲတွင် ဗီတာမင်ဓာတ်များ လိုအပ်သည်ထက် ပိုမိုနေမည်ဆိုပါကမူ အန္တရာယ်ရှိနိုင်သည်ကိုလည်း သတိချပ်ရန်လိုအပ်သည်။

ဗီတာမင် A သည် ခန္ဓာကိုယ်အတွင်း၌ လိုအပ်သည်ထက်ပိုမိုများပြားစွာရှိနေမည်ဆိုပါက (မျက်လုံးမဝါဘဲ)အသားဝါခြင်း၊ ဗီတာမင် B3 ဓာတ်လွန်ကဲနေမည်ဆိုပါက ဆီးချိုဖြစ်ခြင်းနှင့် ယူရစ်အက်စစ်များခြင်း၊ ဗီတာမင် C နှင့် ဗီတာမင် D ပိုလျှံနေပါကလည်း ကျောက်ကပ်တွင် ကျောက်တည်ခြင်း စသောရောဂါဝေဒနာများဖြစ်ပွားလာနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်များက သတိပေးထားကြသည်။

သို့ဖြစ်၍ မိမိတို့ပုံမှန်စားသုံးနေကြသော အစားအစာများမှတစ်ဆင့် ဗီတာမင် လက်ခံရရှိမှုနည်းပါးသောကြောင့် ခံစားနေရသော ရောဂါဝေဒနာများအတွက် ဗီတာမင်ဓာတ်ပါဝင်သော ဆေးဝါးများကို ဖြည့်စွက်စားသုံးရန်လိုအပ်ပါက ခန္ဓာကိုယ်အတွင်း ဗီတာမင်များ လွန်ကဲစွာပိုလျှံနေခြင်းမဖြစ်ရလေအောင် သက်ဆိုင်ရာ ဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ သောက်သုံးကြရန်အရေးကြီးသည်။

လူသားနှင့်ဗီတာမင်သည် ခွဲခြားထား၍မရကောင်းသောအရာများဖြစ်ကြသည့်အားလျော်စွာ လူတို့၏ဘဝရှင်သန်ရပ်တည်မှု ကာလတစ်လျှောက်လုံးတွင် ကျန်းမာပျော်ရွှင်စွာ နေထိုင်သွားနိုင်ရေးအတွက် ဗီတာမင်ကို အမြဲမပြတ်ရယူဖြည့်ဆည်းသွားကြရန် အထူးပင်လိုအပ်မည်ဖြစ်ပေသည်။

**❖ ဗီတာမင် B သည် အုပ်စုတစ်စုဖြစ်ပြီး B1၊ B2 စသော အုပ်စုဝင်ဗီတာမင်များ ပါဝင်နေသည်။ ဗီတာမင် B1 သည် နှလုံးနှင့် အာရုံကြောများ ချောမွေ့စွာလှုပ်ရှားလည်ပတ်နိုင်အောင် ကောင်းစွာ အထောက်အကူပြုပေးသည်။ ဗီတာမင် B1 ချို့တဲ့ပါက ဘယ်ရီဘယ်ရီ (Beri Beri) ခေါ် ဗီတာမင်ချို့တဲ့အားနည်းသည့်ရောဂါကို ခံစားရနိုင်သည်။ ဆန်လုံးညိုနှင့် ဂျုံစသည်တို့မှ ဗီတာမင် B1 ကို အဓိကရရှိနိုင်ပြီး ပဲ၊ ပဲသီး၊ အခွံမာသီး၊ အသားနှင့် ငါး စသည်တို့ကိုစားသုံးခြင်းဖြင့်လည်း ရရှိနိုင်သည်။ ဗီတာမင် B2 သည် နှုတ်ခမ်းကွဲခြင်းနှင့် ကျိုးကန်းပါးစပ်နာ ဖြစ်ခြင်းတို့မှ ကာကွယ်ပေးနိုင်သော ဗီတာမင်တစ်မျိုးဖြစ်သည်။ ❖**

# ကဝမြို့နယ်၌ VDP စီမံကိန်း စီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းဖွင့်လှစ်

**ကဝ ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းကော်မတီဝင်များလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံချက်ရေးဆွဲနည်းနှင့်ရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စုလှိုင်က သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ၊ လူထုဗဟိုပြုလူမှုစီးပွားဘဝဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ၊ ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးအချက်အလက်များနှင့် စီမံကိန်းပုံပိုးရန်ပုံငွေ သုံးစွဲရေးအစီအစဉ်နှင့် ပတ်သက်သည့်သင်ခန်းစာများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းကို ကဝမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ရစ်ကန်ကြီး၊ ရွာလေး၊ ပေါက်ကုန်းလေး၊ မကျက်ကြီး၊ ခမေကြီး၊ သပြေကန်နှင့် နီဗွာန်ကျေးရွာတို့မှ ကော်မတီဝင် ၂၄ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)စီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်ခန်းစာများကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၃ ရက်ထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## ဖူးရှေ့လက်တင်

- သဒ္ဒါအလှ အဓိကရယ်နဲ့
မာရဝိဇယ မှန်းမျှော်မြင်၊
နေပြည်တော် ဒက္ခိဏ
ဗုဒ္ဓဥယျာဉ်၊
ကမ္ဘာမှာ အတုမရှိပါဘူ
ရှုကြည့်ကာ အမှန်မျှော်က
ထိုင်တော်မူ ဉာဏ်အမြင့်ဆုံးပါပဲ
တင့်ဘုန်းနဝ မှတ်ပါအစဉ်
မြတ်စွာအရှင် ဂုဏ်အနန္တ၊
မဟာလက္ခဏာ သုံးဆယ့်နှစ်ပါးနဲ့
ထုံးဖွဲ့ထားပြန် လက္ခဏာငယ်လည်း
အပါးရှစ်ဆယ် ရည်ရွယ်ပြုသည်ပေါ့
ရိုးရာအမူ အနုလ္လာစံမို့
မုဒြာဟန် မင်္ဂလာအတိ
ဘူမိဖဿ။

- ရုပ်ပွားမြတ် ဦးတော်ခင်း
ဖူးမြော်ရင်း ကြည်ညိုစရာ၊
တြိ ဓမ္မ ပိဋကတ်
အဋ္ဌကထာ၊
ဘုရားရှေ့ မျက်နှာစာမှာ
ကျောက်စာရုံ တည်ထား၊
အမျိုးဘာသာ
တန်ခိုးအဖြာဖြာနဲ့
ကမ္ဘာမှာ မြန်မာဟေ့ရယ်လို့
သဒ္ဒါမွေ့ကာ အများမှတ်ယူဖို့
ဘုရားမြတ်တစ်ဆူ ပွင့်ထွန်းသလိုပ
ဖွင့်ညွှန်းဆို ဥဒါန်းသာမိ
လွှမ်းဝါ ကိန်းခန်းအေးစရာပ
ငြိမ်းချမ်းတေး ရှင်ကြည်ကြည်နဲ့
အဥ္စလီ တင်ချီသ
ဖူးရစေသား။ ။

ချစ်စုအောင်

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၁၈၇ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၁၈၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၇၀၄၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၁၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြင်းမူမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ၊ နှမ်းနဲ့ နေကြာ ဧက ၄၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ဆီထွက်သီးနှံ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ကျန်ဧကတွေကို ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက်ဆောင်ရွက်နေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် နှမ်း ၃၇၉၅ ဧကနှင့် နေကြာ သီးနှံ ၃၉၂ ဧက စုစုပေါင်း ၄၁၈၇ ဧကဖြစ်ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ဆီထွက်သီးနှံ စိုက်ပျိုးရန်အတွက် သီးနှံအလိုက်လျာထားမှုအနေဖြင့် မြေပဲဧက ၂၅၉၈၀၊ နှမ်းဧက ၁၉၀၅၀ နှင့် နေကြာ ၂၀၁၅ ဧက စုစုပေါင်း ၄၇၀၄၅ ဧကဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မြေပဲ၊ နှမ်း၊ နေကြာ စုစုပေါင်း ၄၇၀၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံစိုက်ခင်းကို တွေ့ရစဉ်။

# မင်းတုန်းမြို့နယ် မြေပြာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေပြာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းအောင်က မြေပြာကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးအရာရှိက မြေပြာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကော်မတီဝင်များထံ ငွေကျပ် ၆၀ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြေပြာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၆၁ ဦးကို ငွေကျပ် ၆၀ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညီ

# အုတ်ဖိုမြို့နယ် ရှမ်းစုကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**အုတ်ဖို ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက မတောင့်တကျေးရွာအုပ်စု ရှမ်းစုကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံ ဒေါ်အေးမြတ်အောင်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏တာဝန်ဝတ္တရားများ၊ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကော်မတီဝင်များကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အုတ်ဖိုမြို့နယ် ရှမ်းစုကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အေးမြတ်

# နိုင်ငံတကာ သတင်းများ

## စိန့်ပီတာစဘတ်မြို့၌ကျင်းပခဲ့သော ရေတပ်စစ်ရေးပြပွဲသို့ ရုရှားသမ္မတပူတင် တက်ရောက်စစ်ဆေး



**စိန့်ပီတာစဘတ် ဇူလိုင် ၃၁**

ရုရှားရေတပ် မွေးနေ့ပွဲအဖြစ် ဇူလိုင် ၃၀ ရက်က စိန့်ပီတာစဘတ်မြို့၌ ကျင်းပခဲ့သော ရေတပ်စစ်ရေးပြချီတက်ပွဲသို့ ရုရှားသမ္မတ ပူတင်ကိုယ်တိုင်တက်ရောက် စစ်ဆေးကြည့်ရှုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နှစ်စဉ်ကျင်းပမြဲ ဖြစ်သည့် အဆိုပါရုရှားရေတပ်စစ်ရေးပြပွဲ၌ ချူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများနှင့် စစ်သင်္ဘောများ အပါအဝင် သင်္ဘောအမျိုးအစား ၄၅ စီးပါဝင်ခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတ ပူတင်သည် ရေတပ်မွေးနေ့မိန့်ခွန်းမပြောကြားမီ အမြန်အမိုးဖွင့်ရေယာဉ်ငယ်တစ်စီးဖြင့် နီဗာမြစ်ကြောင်းတစ်လျှောက် သွားရောက်၍ ရုရှားစစ်သင်္ဘောများကို စစ်ဆေးခဲ့သည်။

နီဗာမြစ်အတွင်း ရုရှားစစ်သင်္ဘောများကို လှည့်လည်စစ်ဆေးစဉ် သမ္မတပူတင်နှင့်အတူ ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိဂူးနှင့် ရုရှားရေတပ် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နီကိုလိုင်ယီမင်နော့ဗ်လည်း လိုက်ပါသွားသည်။

ရုရှားနိုင်ငံအနေဖြင့် ရေတပ်အင်အားခိုင်မာစေရန် တည်ဆောက်လျက်ရှိရာ ယခုနှစ်အတွင်းမှာပင် စစ်ရေယာဉ်သစ် အစင်း ၃၀ ရရှိလိမ့်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ရုရှားရေတပ်မွေးနေ့မိန့်ခွန်း၌ ပြောကြားခဲ့သည်။

ရုရှားရေတပ်မွေးနေ့ စစ်ရေးပြပွဲသို့ အာဖရိကနိုင်ငံတို့မှ ခေါင်းဆောင်များလည်း ရုရှားသမ္မတနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရသည်။ KKO

## မောင်းသူမဲ့လေယာဉ်ဆက်စပ်ပစ္စည်းများအတွက် ပို့ကုန်ထိန်းချုပ်မှုစည်းမျဉ်းများ တရုတ်ကြေညာ

**ပေကျင်း ဇူလိုင် ၃၁**

မောင်းသူမဲ့ လေယာဉ်နှင့် ဆက်စပ်နေသော ကိရိယာပစ္စည်းများနှင့်ပတ်သက်၍ ပို့ကုန်ထိန်းချုပ်မှုစည်းမျဉ်းများကို တရုတ်အစိုးရက ယနေ့တွင် ကြေညာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမျိုးသားလုံခြုံရေးနှင့်အမျိုးသားအကျိုးစီးပွားများကိုကာကွယ်ရေးအတွက် မောင်းသူမဲ့လေယာဉ်များနှင့်ဆက်စပ်နေသည့် ကိရိယာပစ္စည်းများပြည်ပသို့တင်ပို့မှုထိန်းချုပ်ရေးစည်းမျဉ်းများ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

တရုတ်နိုင်ငံက ပို့ကုန်စည်းမျဉ်းများချမှတ်ခဲ့သည့် ပစ္စည်းကိရိယာများထဲတွင် မောင်းသူမဲ့လေယာဉ်အင်ဂျင်များ၊ လေဆာရောင်ခြည်စနစ်များ၊ ဆက်သွယ်ရေးကိရိယာများ၊ မောင်းသူမဲ့လေယာဉ်ချေမှုန်းရေးစနစ်များလည်းပါဝင်သည်။

တရုတ်အစိုးရ၏ မောင်းသူမဲ့လေယာဉ် ဆက်စပ်ကိရိယာများ ပို့ကုန်ထိန်းချုပ်မှုစည်းမျဉ်းများသည် ယခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်အာဏာ သက်ရောက်မည်ဖြစ်သည်။

နည်းပညာ ပိုင်ဆိုင်အသုံးချမှုများနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံနှင့် တင်းမာမှုများရှိနေစဉ် မောင်းသူမဲ့လေယာဉ် ဆက်စပ်ပစ္စည်းများဆိုင်ရာ ပို့ကုန်ထိန်းချုပ်မှုစည်းမျဉ်းများကို တရုတ်အစိုးရက ကြေညာခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် မောင်းသူမဲ့လေယာဉ်ထုတ်လုပ်မှုလုပ်ငန်းများ အားကောင်းသည့်နိုင်ငံဖြစ်ပြီး အမေရိကန်နိုင်ငံအပါအဝင် ကမ္ဘာ့ဈေးကွက်အများအပြားသို့ မောင်းသူမဲ့လေယာဉ်များရောင်းချပေးလျက်ရှိကြောင်း သိရသည်။ KKO

## ပါကစ္စတန်နိုင်ငံရေးပါတီအခမ်းအနားတစ်ခု၌ အသေခံပုံးခွဲတိုက်ခိုက်မှုဖြစ်ပွား လူပေါင်း ၅၄ ဦးသေဆုံး

**အစ္စလာမ်မာဘတ် ဇူလိုင် ၃၁**

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပွတ်ရှ်တွန်ဝါပြည်နယ် နိုင်ငံရေးပါတီလူထုအစည်းအဝေးတစ်ခု၌ ဇူလိုင် ၃၀ ရက်က အသေခံပုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ယနေ့ထိသေဆုံးသူ ၅၄ ဦးထိရှိပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။



အဆိုပါအသေခံ ပုံးခွဲတိုက်ခိုက်မှုသည်ဂျာမီယက်အူလီမာအစ္စလာမ်ဖက်ဇ်အမည်ရှိ နိုင်ငံရေးပါတီတစ်ခုက ပြုလုပ်ခဲ့သော အခမ်းအနားတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အသေခံပုံးခွဲတိုက်ခိုက်မှုကြောင့် လူပေါင်း ၂၀၀ နီးပါးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဇူလိုင် ၃၀ ရက် အသေခံပုံးခွဲတိုက်ခိုက်မှုအတွက် အစ္စလာမ်မစ်အကြမ်းဖက်အုပ်စု (အိုင်အက်စ်) ဩဇာခံပြည်တွင်းအုပ်စုတစ်ခုတွင် တာဝန်ရှိနိုင်ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ယုံကြည်ထားသည်။

ရှေးရိုးစွဲဝါဒီ ပါတီတစ်ခုဖြစ်သော ဂျာမီယက်အစ္စလာမ်ဖက်ဇ်ပါတီသည် လက်ရှိပါကစ္စတန်အစိုးရ၏ မဟာမိတ်ပါတီတစ်ခုဖြစ်ပြီး တစ်ယူသန်အစ္စလာမ်မစ်ဝါဒီများနှင့်ပတ်သက်မှုရှိသောနိုင်ငံရေးပါတီလည်းဖြစ်သည်။

လက်ရှိအချိန်တွင် ဇူလိုင် ၃၀ ရက် အသေခံပုံးခွဲ တိုက်ခိုက်မှုအတွက်တာဝန်ရှိကြောင်းမည်သည့် စစ်သွေးကြွအုပ်စုကမျှကြေညာခြင်း မရှိသေးကြောင်း သိရသည်။KKO

## ဖိလစ်ပိုင်နှင့်ပင်လယ်ရေကြောင်းလုံခြုံရေး ပူးပေါင်းမှုမြှင့်တင်ရန် အီးယူအသင့်ရှိဟုဆို

**မနီလာ ဇူလိုင် ၃၁**

ဖိလစ်ပိုင်နိုင်ငံနှင့် ပင်လယ်ရေကြောင်းလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် ဥရောပသမဂ္ဂ (အီးယူ)အနေဖြင့် အသင့်ရှိကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာနှင့် မနီလာမြို့၌တွေ့ဆုံဆွေးနွေးပြီးနောက်ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ဥရောပကော်မရှင်ဥက္ကဋ္ဌက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

သတင်းအချက်အလက်မျှဝေခြင်း၊ ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်စွမ်းဆောင်ရည်ကိုတည်ဆောက်ပေးခြင်းတို့ဖြင့် ဖိလစ်ပိုင်နှင့်ပင်လယ်ရေကြောင်းလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် မိမိတို့အသင့်ရှိကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နှင့် အမေရိကန်နိုင်ငံတို့အကြား ပထဝီနိုင်ငံရေးအရ အားပြိုင်နေသည့်နေရာဖြစ်သည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံသည် တောင်တရုတ် ပင်လယ်ဒေသပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့်အငြင်းပွားမှုများရှိနေသောနိုင်ငံဖြစ်သည်။

ဗွန်ဒါလီယန်သည် နှစ်ပေါင်း ၆၀ အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ပထမဆုံးရောက်ရှိလာသည့် ဥရောပကော်မရှင်ဥက္ကဋ္ဌဖြစ်သည်။

မနီလာဆွေးနွေးပွဲတွင် ဗွန်ဒါလီယန်နှင့် ဖိလစ်ပိုင်သမ္မတတို့သည် လုံခြုံရေးနှင့် ကုန်သွယ်မှုမှသည် ရာသီဥတုပြောင်းလဲမှုထိပါဝင်သည့် ပြဿနာအမျိုးမျိုးကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ KKO



## ဂရိ၌တောမီးကြောင့် ကမ်းခြေတွင်ပိတ်မိနေသူ ဦးရေ ၁၃၀ ကို ကမ္ဘာ့လှူငယ်ရွက်လှေပြိုင်ပွဲဝင်ရွက်လှေငယ်များ ကယ်တင်ပေးခဲ့ရ

**အေသင် ဇူလိုင် ၃၁**

ဂရိနိုင်ငံ ဗိုလော့စ်ဆိပ်ကမ်းမြို့၌ ကျင်းပနေသော ကမ္ဘာ့လူငယ်ရွက်လှေချန်ပီယံပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသည့် ရွက်လှေငယ်များသည် တောမီးလောင်ကျွမ်းမှုကြောင့် ကမ်းခြေတစ်ခု၌ သောင်တင်နေသည့် လူပေါင်း၁၃၀ တို့ကို ကယ်တင်ပေးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယနေ့တွင် ပြိုင်ပွဲကျင်းပနေစဉ် ပြိုင်ပွဲဝင်ရွက်လှေများ ကမ်းခြေကျေးရွာတစ်ရွာ၌ တောမီးလောင်ကျွမ်းမှုကြောင့် သောင်တင်ပိတ်မိနေသူများကို တွေ့ရှိခဲ့ပြီးနောက် ယင်းကမ်းခြေဆီသို့ အပြေးအလွှား သွားရောက်၍ ပိတ်မိနေသူများကို ကယ်ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေး လုပ်ငန်းစဉ်အတွင်း ပြိုင်ပွဲဝင်ရွက်လှေများနှင့် အခြားစက်တပ်လှေ စုစုပေါင်း အစင်း ၆၀ ထိပါဝင်ခဲ့ပြီး လူဦးရေ ၁၃၀ကို ကယ်ထုတ်နိုင်ခဲ့သည်ဟု ကမ္ဘာ့ရွက်လှေအားကစားအဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဂရိနိုင်ငံ၌ အပူချိန်မြင့်ထန်မှုနှင့် လေပြင်းထန်မှုများကြောင့် တောမီးများလောင်ကျွမ်းလျက်ရှိရာ ဇူလိုင် ၁၇ ရက်မှစ၍ လက်ရှိအချိန်ထိ လူပေါင်း ငါးဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ထို့ပြင် သစ်တောမြေကရာပေါင်းများစွာ တောမီးများကြောင့် ပျက်စီးခဲ့ရသလို လူနေအိမ်များ၊ လယ်ယာစိုက်ခင်းများနှင့် စက်ရုံများလည်း မီးသင့်ပျက်စီးခဲ့ရကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## သြစတြေးလျစစ်ဘက်က တိုင်ပန် (Taipan) ရဟတ်ယာဉ်များအသုံးပြုမှု ခေတ္တရပ်နားခဲ့



သြစတြေးလျစစ်ဘက်သည် နိုင်ငံစုံ စစ်ရေးလေ့ကျင့်မှုအတွင်း ရဟတ်ယာဉ် ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင်လေးဦး ပျောက်ဆုံးသွားခဲ့ပြီးနောက် ၎င်း၏ MRH-90 Taipan ရဟတ်ယာဉ်များကိုအသုံးပြုမှုမှ ခေတ္တရပ်နားထားကြောင်း စစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Simon Stuart က ဇူလိုင် ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ရဟတ်ယာဉ်သည် သြစတြေးလျနိုင်ငံ၏ အရှေ့မြောက်ဘက် အပူပိုင်းဒေသ Whitsunday ကျွန်းများအနီး ရေပြင်အတွင်းသို့ ဇူလိုင် ၂၈ ရက်က ပျက်ကျခဲ့ခြင်းဖြစ်ပြီး စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်နေသည့် နိုင်ငံသုံးနိုင်ငံစလုံးမှ တပ်ဖွဲ့ဝင်များက ရှာဖွေမှုများပြုလုပ်ခဲ့သော်လည်း ပျောက်ဆုံးနေသော ရဟတ်ယာဉ်အဖွဲ့သားများကိုရှာဖွေတွေ့ရှိရန် မျှော်လင့်ချက်များ ပျောက်ကွယ်ခဲ့ရပြီဖြစ်ကြောင်း သိရသည်။

သြစတြေးလျ စစ်ဘက်စစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Simon Stuart က နိုင်ငံအနေဖြင့် လက်ရှိအသုံးပြုလျက်ရှိသည့် တိုင်ပန် (Taipan)ရဟတ်ယာဉ် ၄၅ စင်းခန့်ကို ရည်မှန်းချက် တာဝန်ထမ်းဆောင်ခြင်းများမှ ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း ဇူလိုင် ၃၀ ရက်တွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ဇူလိုင် ၃၀ ရက်ကစပြီး MRH-90 ကို ပျံသန်းမှာ မဟုတ်တော့ပါဘူး။ အန္တရာယ်ကင်းတယ်လို့ အာမခံချက်မရမချင်း အသုံးပြုသွားမှာမဟုတ်ပါဘူး"ဟု Simon Stuart က ဆစ်ဒနီမြို့တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

အချင်းမဖြစ်ပွားမီတွင် သြစတြေးလျသည် ခေတ်မမီတော့သည့် တိုင်ပန်ရဟတ်ယာဉ်များကို အမေရိကန်ထုတ် Black Hawks ဖြင့် အစားထိုးမည်ဟု ကြေညာခဲ့သေးသည်။

ပြုပြင်ထိန်းသိမ်းမှုနှင့် အပိုပစ္စည်းများရရှိရန် အခက်အခဲများကြောင့် ဥရောပထုတ် Taipans ရဟတ်ယာဉ်များကို မကြာခဏ အသုံးပြုခြင်းမှ ရပ်နားခဲ့ရခြင်းဖြစ်ကြောင်း သြစတြေးလျတာဝန်ရှိသူများ ပြောကြားခဲ့သည်။

လက်ရှိရည်ရွယ်ချက်မှာ Taipans ရဟတ်ယာဉ်များကို ၂၀၂၄ ခုနှစ်ထိ တာဝန်ထမ်းဆောင်ရန် ရည်မှန်းထားသော်လည်း ယခုအဖြစ်အပျက်မျိုးတွေ့ကြုံရချိန်တွင် ဘာဖြစ်လာဦးမည်ကို မဆုံးဖြတ်ရသေးကြောင်း ပြောကြားခဲ့သည်။

သြစတြေးလျစစ်ဘက်ရှိ တိုင်ပန်ရဟတ်ယာဉ်အုပ်သည် မတ်လတွင် ညအချိန် စစ်ရေးလေ့ကျင့်မှုတစ်ခုအတွင်း ရဟတ်ယာဉ်တစ်စင်း အင်ဂျင်ချို့ယွင်းမှုဖြစ်ပွားခဲ့ပြီးနောက် တစ်လကြာရပ်နားထားခဲ့ရသည်။

ထိုစဉ်က ရဟတ်ယာဉ်အဖွဲ့သားများအားလုံး ပင်လယ်ပြင်သို့ ခုန်ဆင်းလွတ်မြောက်ခဲ့ပြီး ထိခိုက်ဒဏ်ရာ ပြင်းပြင်းထန်ထန် ရရှိခဲ့ခြင်းမျိုးမရှိခဲ့ပေ။

ယခုတစ်ကြိမ် ဇူလိုင် ၂၈ ရက် ညက ပျက်ကျခဲ့သည့် ရဟတ်ယာဉ်မှာ သြစတြေးလျ၊ အမေရိကန်နှင့် အခြားနိုင်ငံအများအပြားက စစ်ဘက်ဝန်ထမ်းဦးရေ ၃၀၀၀၀ ပါဝင်ဆောင်ရွက်နေသည့် Talisman Saber စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ရဟတ်ယာဉ်ဖြစ်သည်။

ပျောက်ဆုံးနေသော ရဟတ်ယာဉ်မှူးနှင့် အခြားအမှုထမ်းသုံးဦးတို့ကို ရှာဖွေရာတွင် တပ်ဖွဲ့ဝင်အင်အား ရာနှင့်ချီ ပါဝင်ရှာဖွေခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရဟတ်ယာဉ်အပျက်အစီးများကိုဇူလိုင် ၂၉ ရက်က ပြန်လည်တွေ့ရှိခဲ့ပြီး Channel 9 ရုပ်မြင်သံကြားတွင် ရဟတ်ယာဉ်ကိုယ်ထည်ပိုင်းကို ရေထဲမှ ပြန်လည်ဆယ်ယူနိုင်ခဲ့ပုံကို ပြသခဲ့သည်။

စစ်ဦးစီးချုပ် Stuart က ပျောက်ဆုံးနေသော အမှုထမ်းလေးဦးမှာ ဆစ်ဒနီမြို့အခြေစိုက် အမှတ်(၆)လေကြောင်းတပ်ရင်းမှဖြစ်ကြောင်းပြောကြားခဲ့သည်။

New South Wales ပြည်နယ်ဝန်ကြီးချုပ် Christopher Minns က ပျောက်ဆုံးနေသော အမှုထမ်းတစ်ဦးသည် ထင်ရှားသော အကြီးတန်းရဲအရာရှိ၏ သားဖြစ်ကြောင်း Sky News သတင်းဌာနသို့ ပြောကြားခဲ့သည်။

သြစတြေးလျနိုင်ငံဝန်ကြီးချုပ် အန်တိုနီအယ်လ်ဘန်ဆီက ရဟတ်ယာဉ်ပျက်ကျမှုကို ကျွန်ုပ်တို့နိုင်ငံနာမည်ဖြင့် စစ်မှုထမ်းသူများအတွက်လုံခြုံသော သို့မဟုတ် လွယ်ကူသော နေ့ရက်များမရှိကြောင်း ပြတ်သားစွာ ထုတ်ဖော် ဝန်ခံပြုပြောကြားခဲ့သည်။

ရှာဖွေရေးတွင် အခြားနိုင်ငံမှ တပ်ဖွဲ့ဝင်များကိုလည်း ကျေးဇူးတင်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် တတ်နိုင်သမျှ ကူညီရှာဖွေပေးသွားမည်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး Lloyd Austin က မြောက်ပိုင်း Townsville မြို့တွင် တွေ့ဆုံခဲ့စဉ် ပြောကြားခဲ့သည်။

Talisman Saber စစ်ရေးလေ့ကျင့်မှုကို ဇူလိုင် ၂၉ ရက်တွင် ခေတ္တရပ်နားထားခဲ့ရသော်လည်း အချို့လေ့ကျင့်မှုများကို ပြန်လည် စတင်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**Australian Army Grounds Taipan Helicopters After Crash ကို ဘာသာပြန်ဆိုထားပါသည်။**

## တူရကီနိုင်ငံက မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်ကို ထုတ်ဖော်ပြသခဲ့

တူရကီအခြေစိုက် စစ်ဘက် အီလက်ထရွန်နစ်ကုမ္ပဏီ Aselsan သည် ရုရှား၏ Pantsir ယာဉ်တင် လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်နှင့် ဆင်တူသည့် ၎င်း၏ မြေပြင်အခြေစိုက် လေကြောင်းရန် ကာကွယ်ရေးစနစ်သစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း ဇူလိုင် ၂၇ ရက်က The Defense Post တွင် ရေးသားဖော်ပြခဲ့သည်။

တူရကီနိုင်ငံကာကွယ်ရေးကုမ္ပဏီနှစ်ခုသည် အစ္စတန်ဘူလ်မြို့တွင် ကျင်းပသည့် ၂၀၂၃ ခုနှစ် နိုင်ငံတကာ ကာကွယ်ရေးစက်မှုလုပ်ငန်းပြပွဲအတွင်း လေကြောင်းရန်ကာကွယ်ရေးနှင့် မြေပြင်တိုက်ခိုက်ရေး စစ်ဆင်ရေးများအတွက် စစ်ဘက်ဆိုင်ရာ စနစ်သစ်များကို မိတ်ဆက်ခဲ့သည်။

အဆိုပါစနစ်သည် လှုပ်ရှားတပ်ဖွဲ့များ၊ ယာဉ်တန်းများနှင့် မြေပြင်အခြေစိုက် တပ်ရင်း၊ တပ်ဖွဲ့များကို လေကြောင်းခြိမ်းခြောက်မှုရန်မှကာကွယ်ရန် ဒီဇိုင်းထုတ်ထားသည်။

၎င်းတွင် ပစ်မှတ်ထောက်လှမ်းခြင်း၊ စိစစ်ခွဲခြားဖော်ထုတ်ခြင်း၊ ခြေရာခံထိန်းကျောင်းခြင်း၊ ကြိုတင်ကာကွယ်မှုအစီအမံများနှင့် အဆင့်မြင့်ခြိမ်းခြောက်မှုအကဲဖြတ်ဆန်းစစ်ခြင်း စသည့်ထူးခြားသော စွမ်းဆောင်ရည်များ ပါရှိလာသည်။ ရှစ်ဘီးတပ်ယာဉ်ပေါ်တွင် တပ်ဆင်ထားပြီး GÜRZ လေကြောင်းရန်ကာကွယ်ရေးစနစ်သည် အနိမ့်ပျံသန်းဝင်ရောက်လာမည့် ရန်သူဒုံးကျည်များ၊ ဒရုန်းများ၊ ရဟတ်ယာဉ်များနှင့် တိုက်လေယာဉ်များကို ပစ်မှတ်ထား တုံ့ပြန်တိုက်ခိုက်နိုင်ကြောင်း သိရသည်။

Aselsan ကုမ္ပဏီ၏ အဆိုအရ အဆိုပါလက်နက်စနစ်သည် မဟာဗျူဟာမြောက် လှုပ်ရှားစစ်ကစားနိုင်မှုစွမ်းရည်နှင့်အတူ စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် လိုအပ်ချက်အပေါ် ဖြေရှင်းပေးနိုင်မည့် စနစ်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

နိုင်ငံပိုင် စစ်ဘက်ဆော့ဖ်ဝဲကုမ္ပဏီ Havelsan သည် တူရကီစစ်ဘက်အတွက် ၎င်း၏ Barkan မောင်းသူမဲ့ မြေပြင်သွားယာဉ်စနစ်သစ်ကိုလည်း ထုတ်ဖော်ပြသခဲ့သည်။

ခေတ်မီဆန်းသစ်သော မောင်းသူမဲ့ယာဉ်သည် စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများအတွက် ကောင်းမွန်သင့်လျော်ကြောင်း သေချာစေရန် နှစ်နှစ်ခန့် စမ်းသပ်မှုများကို ပြင်းထန်စွာလုပ်ဆောင်ခဲ့သည်။




မောင်းသူမဲ့ယာဉ်သစ်တွင် ၁၂ ဒသမ ၇ မီလီမီတာ စစ်လက်နက်တပ်ဆင်ထားပြီး ၄၀ မီလီမီတာ ဗုံးပစ်လောင်ချာများနှင့် အခြားဒုံးကျည်များကို သယ်ဆောင်နိုင်သည်ဟု ကုမ္ပဏီက ပြောကြားခဲ့သည်။

Barkan IIဟုခေါ်သော အဆင့်မြင့် မောင်းသူမဲ့ယာဉ်တွင် လှုပ်ရှားစစ်ကစားနိုင်စွမ်းကို မြှင့်တင်ပေးထားပြီး လေးလံသော စစ်လက်နက်များတင်ဆောင်တိုက်ပွဲဝင်နိုင်ရန် ယာဉ်၏အလေးချိန်ကိုနှစ်ဆတိုး ထုတ်လုပ်ထားသည်။

Barkan မြေပြင်သုံး(သွား) မောင်းသူမဲ့ယာဉ် အမျိုးအစား နှစ်မျိုးစလုံးကို ပြပွဲတွင်ပြသခဲ့ခြင်းလည်းဖြစ်သည်။

**Turkey Unveils New Air Defense, Ground Combat Systems ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

# အမျိုးသမီးကမ္ဘာ့ဖလားအုပ်စုနောက်ဆုံးပွဲစဉ်တွင် ကနေဒါကိုအနိုင်ရခဲ့သည့် သြစတြေးလျအသင်း ရှုံးထွက်အဆင့်တက်ရောက်



**ကင်ဘာရာ ဇူလိုင် ၃၁**

အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(B) နောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် ကနေဒါအသင်းနှင့် သြစတြေးလျအသင်းတို့ ပွဲစဉ်တွင် သြစတြေးလျအသင်းက ကနေဒါအသင်းကို လေးဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့သောကြောင့် အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အိမ်ရှင် သြစတြေးလျအသင်းသည် အုပ်စု(B)၌ အိုင်ယာလန်၊ ကနေဒါ၊ နိုင်ဂျီးရီးယားအသင်းတို့နှင့်ကစားခဲ့ရပြီး အုပ်စုပထမပွဲစဉ်တွင် အိုင်ယာလန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း အုပ်စုဒုတိယပွဲစဉ်တွင် နိုင်ဂျီးရီးယားအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် အုပ်စုမှကျော်ဖြတ်နိုင်ရန် ရုန်းကန်ခဲ့ရပြီး အုပ်စုနောက်ဆုံးပွဲစဉ်တွင် ကနေဒါအသင်းနှင့် တွေ့ဆုံခဲ့ရာ ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

သြစတြေးလျ အသင်းသည် ကနေဒါအသင်းနှင့် ပွဲစဉ်တွင် ခြေစွမ်းပြတိုက်စစ်မှူး ဆန်ခါကို အရန်လူစာရင်းတွင်ထည့်သွင်းခဲ့ပြီး ကနေဒါအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးခဲ့သော်လည်း တန်ပြန်တိုက်စစ်ဖြင့် ပြန်လည် တုံ့ပြန်ခဲ့သောကြောင့် ပွဲချိန် ကိုးမိနစ်နှင့် ပွဲချိန် ၃၉ မိနစ်တွင် တိုက်စစ်မှူးရက်ဆိုက ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သဖြင့် နှစ်ဂိုး ဂိုးမရှိဖြင့် ပထမပိုင်းကိုဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ကနေဒါအသင်းက ကွင်းလယ်နှင့်တိုက်စစ်ပိုင်းအပြောင်းအလဲပြုလုပ်၍ ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း တိုက်စစ်ပိုင်း အားနည်းခဲ့မှုကြောင့် ပွဲချိန် ၅၈ မိနစ်တွင် သြစတြေးလျအသင်းတိုက်စစ်မှူး ဖောင်လာက တတိယ သွင်းဂိုးကိုလည်းကောင်း၊ ပွဲကစားချိန် နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် အသင်းခေါင်းဆောင် ကက်တလေက ပင်နယ်တီမှတစ်ဆင့် စတုတ္ထဦးဆောင်ဂိုးကိုလည်းကောင်း သွင်းယူနိုင်ခဲ့ရာ လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြီး (၁၆)သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ML

# ချဲလ်ဆီးအသင်းက မိုနာကို ခံစစ်ကစားသမား ဒီဆာဆီကိုခေါ်ယူရန် သဘောတူညီမှုရရှိ

**လန်ဒန် ဇူလိုင် ၃၁**

ချဲလ်ဆီးအသင်း နည်းပြပိုချက်တီနိုက အသင်းခံစစ်ပိုင်း ထပ်မံဖြည့်တင်းရန်အတွက် မိုနာကိုအသင်းတွင် ခြေစွမ်းပြကစားနေသည့် ခံစစ်ကစားသမားဒီဆာဆီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၈ ဒသမ ၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း Talk-sport.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြပိုချက်တီနိုသည် အသင်းခံစစ်ပိုင်းတွင် ဒဏ်ရာရရှိနေသည့် ခံစစ်ကစားသမား ဖိုဖန်နာနေရာတွင် အစားထိုးရန်အတွက် မိုနာကိုအသင်းတွင် ခြေစွမ်းပြသလျက်ရှိသည့် ဒီဆာဆီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၈ ဒသမ ၅ သန်းဖြင့်ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့သည်။

နည်းပြပိုချက်တီနိုက "အသင်းခံစစ်ပိုင်းက ဖိုဖန်နာနေရာမှာ အစားထိုးဖို့ ကစားသမားလိုအပ်နေတာပါ။ အသင်းအနေနဲ့ခံစစ်ပိုင်းကို မဖြည့်ဆည်းနိုင်ရင်တော့ ရာသီသစ်မှာ အဓိကပြဿနာတစ်ရပ်ဖြစ်လာမှာပါ။ ဒါကြောင့် ဒီဆာဆီကိုခေါ်ယူဖို့ဆုံးဖြတ်ခဲ့ပြီး သဘောတူညီမှု ရယူခဲ့တာဖြစ်ပါတယ်။ ကျွန်တော်ကတော့ အသင်းအောင်မြင်မှုရဖို့နဲ့ ကစားသမားခေါ်ယူမှုမှန်ကန်ဖို့အတွက် အာရုံစိုက်နေပါတယ်"ဟု ပြောကြားခဲ့သည်။

ချဲလ်ဆီးအသင်းသည် အသင်းပိုင်ရှင် တော့ဘိုလီဝယ်ယူပြီးနောက်ပိုင်း အပြောင်းအရွှေ့ကာလများတွင် ငွေကြေးအများအပြားအသုံးပြုခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၁၂)နေရာတွင်သာရပ်တည်နိုင်ခဲ့သဖြင့် ဥရောပပြိုင်ပွဲကစားခွင့်နှင့်လွဲချော်ခဲ့ပြီး ၁၉၉၃-၁၉၉၄ ဘောလုံးရာသီနောက်ပိုင်း အသင်းသမိုင်းတစ်လျှောက် အဆိုးရွားဆုံးဘောလုံးရာသီတစ်ခုနှင့် ရင်ဆိုင်ခဲ့ရသည်။

လက်ရှိတွင် ချဲလ်ဆီးအသင်းသည် နည်းပြပိုချက်တီနိုကိုခန့်အပ်ပြီးနောက် ယခုအပြောင်းအရွှေ့ကာလတွင် လိုက်ပ်ဇစ်အသင်းတိုက်စစ်မှူးအန်ကူကူကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၂ သန်း၊ ဗီလာရီးရဲလ်အသင်း တိုက်စစ်ကစားသမားဂျက်ဆန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၂ သန်းဖြင့်ခေါ်ယူနိုင်ခဲ့သည့်အပြင် လူငယ်ကစားသမားများဖြစ်သည့် ကန်ဒရီပါရက်စ်၊ ရစ်ချက်စ်၊ အိန်ဂျယ်လိုဂါဘရီရယ်၊ အဲလက်မာတို၊ ဒီယေဂိုမော်ရီရာနှင့် ဆင်မြူရယ်စမစ်တို့ကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ML





### အားကစားသတင်း အတိုအထွာများ

- စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းကိုခေါ်ယူရန်အတွက် ဘိုင်ယန်မြူးနစ်အသင်း အမှုဆောင်ဒါရိုက်တာနှင့် နည်းစနစ်ဒါရိုက်တာတို့ လန်ဒန်မြို့သို့ရောက်ရှိနေပြီး စပါးအသင်းဥက္ကဋ္ဌ လီဗိုင်းနှင့်ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။
- ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(C) ပွဲစဉ်အပြီးတွင် စပိန်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည့် ဂျပန်အသင်းက သုံးပွဲနိုင် ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမနှင့် စပိန်အသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံးရမှတ် ခြောက်မှတ်ရရှိကာ အုပ်စုဒုတိယနေရာဖြင့် (၁၆)သင်းရှုံးထွက်အဆင့်သို့တက်ရောက်ခဲ့ကြောင်း သိရသည်။

ML

# အတ္တလန်တာအိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို တေလာဖရစ်ဇ် ဆွတ်ခူး

**အတ္တလန်တာ ဇူလိုင် ၃၁**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့တွင် ကျင်းပခဲ့သည့် အတ္တလန်တာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အမေရိကန် တင်းနစ်ကစားသမား တေလာဖရစ်ဇ်နှင့် သြစတြေးလျ တင်းနစ်ကစားသမား ပူကစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တေလာဖရစ်ဇ်က (၇-၅၊ ၆-၇၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တေလာဖရစ်ဇ်သည် နိုင်ခြေအဆင့်(၁)အဖြစ်သတ်မှတ်ခံထားရသော ကစားသမားတစ်ဦးဖြစ်သလို ဗိုလ်လုပွဲစဉ်ထိ ချန်ပီယံလက်စွမ်းပြသကာ ချန်ပီယံဆုကိုလည်း အကောင်းဆုံးပုံစံဖြင့် ဆွတ်ခူးခဲ့ကြောင်း သိရသည်။

၎င်းသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် ATP Tour တွင် ခြောက်လုံးမြောက်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး တေလာဖရစ်ဇ်အနေဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့်လည်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်တိုးတက်လာဖွယ်ရှိနေသည်။

တေလာဖရစ်ဇ်က "ဒီနှစ်အတွင်း ပုံစံကောင်းရရှိနေလို့ ပါဝင်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတွေမှာလဲစိတ်ကျေနပ်စရာကောင်းတဲ့ရလဒ်တွေရရှိခဲ့ပါတယ်။ အခုဒီပြိုင်ပွဲမှာလဲ နိုင်ခြေအဆင့် (၁) ကစားသမားအဖြစ်နဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့သလို ရည်ရွယ်ချက်တွေလဲ ပြည့်ဝခဲ့တယ်။ ပြိုင်ပွဲအဆင့်ဆင့်မှာ အခက်အခဲတွေရှိခဲ့ပေမဲ့လဲ အားလုံးကိုကျော်ဖြတ်ပြီး ကျွန်တော့် ကစားသမားဘဝရဲ့ ခြောက်လုံးမြောက် ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့တယ်။ ဒီပြိုင်ပွဲမှာ လာရောက် ယှဉ်ပြိုင်ကတည်းက ချန်ပီယံဖြစ်ဖို့ ရည်မှန်းချက်နဲ့လာခဲ့တာပါ။ ရည်မှန်းထားတဲ့အတိုင်း အမှန်တကယ်လုပ်ပြနိုင်ခဲ့လို့ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ

**ရန်ကုန် ဇူလိုင် ၃၁**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ငါးမိနစ်တွင် ဆိုင်လာ၊ ပွဲချိန် ၁၁ မိနစ်တွင် ဗလင်စီယာတို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၂၅ မိနစ်တွင် ထရာအိုရေးက ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုး တစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။

မိမိတို့အစိုးရအနေဖြင့် ပြည်သူလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတစ်ခုတွင် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အား ကောင်းမွန်နေရန်လိုပါကြောင်း၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း၊ **မိမိတို့နိုင်ငံအတွက် သေချာခိုင်မာသည့် စီးပွားရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပင်ဖြစ်ပါကြောင်း၊ အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ အဆိုပါစီးပွားရေးလုပ်ငန်းများသည် ပြည်သူတစ်ရပ်လုံးအတွက် အကျိုးဝင်သည့်လုပ်ငန်းများဖြစ်သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျပြီး အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းနိုင်သည့်အတွက် အားပေးမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်**ပါကြောင်း၊ ထို့ကြောင့် မိမိအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌတို့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ဒေသ ၂၆ ခုတွင်ရှိသည့် MSME လုပ်ငန်းရှင်များနှင့် ၂၆ ကြိမ်တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး တင်ပြချက် ၂၃၀ ကျော်ကိုလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်ကို ထည့်သွင်းပြောကြားလိုပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် လယ်ယာစီးပွားမြှင့်တင်ရေးနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ စီးပွားရေးမြှင့်တင်ရေးဆိုပြီး နှစ်မျိုးခွဲမြှင့်တင်ရန် စဉ်းစားဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်နိုင်ရန် စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် အနာဂတ် MSME လုပ်ငန်းများတွင် ပိုမိုတိုးတက်လာစေရန်အတွက် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ ခရိုင် ၅၀ ၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၀ ကျောင်းကို ဖွင့်လှစ်ပေးပြီးဖြစ်သကဲ့သို့ လာမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျန်ခရိုင် ၇၅ ခုတွင် ကျောင်းများဆက်လက်ဖွင့်လှစ်သွားရန် စီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် စီးပွားရေးအရ ဘက်စုံတိုးတက်မှုများရရှိလာစေရေးအတွက် ဦးတည်ချက်၊ ရည်မှန်းချက်များကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကျဆင်းခဲ့သည့် စီးပွားရေးအခြေအနေမှ ရုန်းထွက်လာနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ **၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် GDP တိုးတက်မှု ၃ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် GDP ၄ ရာခိုင်နှုန်းခန့်အထိတိုးတက်မည်ဟု မျှော်မှန်းဆောင်ရွက်လျက်ရှိ**ပါကြောင်း၊ မျှော်မှန်းထားသည့်အတိုင်း ဘဏ္ဍာရေးတိုးတက်မှုရှိစေရန်အတွက် မိမိတို့အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက် တတိယအချက်ဖြစ်သည့် **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်"**ဆိုသည့်အချက်နှင့်ပတ်သက်ပြီး ဆောင်ရွက်မှုများကို ပြောကြားလိုပါကြောင်း၊ မိမိတို့သည်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ဦးတည်လျှောက်လှမ်းနေခြင်းဖြစ်ပြီး တပ်မတော်သည် ဒွိတာဝန်အရေးသုံးပါး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါတီစုံဒီမိုကရေစီစနစ်တို့ကို ယိမ်းယိုင်ပျက်စီးအောင်ပြုလုပ်လာသော မည်သည့်အပြုအမူမျိုးကိုမဆို ဥပဒေနှင့်အညီ ကာကွယ်တားဆီးသွားရမည်ပင်ဖြစ်ပါကြောင်း။

**ဖြတ်သန်းခဲ့ရသည့်သမိုင်းအတွေ့အကြုံအရ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်သွားရမည်ဖြစ်**ခြင်းကြောင့် လွှတ်တော်လမ်းကြောင်းကို မဖြစ်မနေသွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံရေးပါတီများပြင်ဆင်ဖွဲ့စည်းရန် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေး ပြည်သူလူထုနှင့် ဒေသကိုကိုယ်စားပြုသည့်၊ ခိုင်မာသည့် နိုင်ငံရေးပါတီများ ပေါ်ထွန်းလာစေရေးအတွက် ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခင်တည်ဆဲ နိုင်ငံရေးပါတီ ၉၀ အနက်မှ ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ကို ပါတီ ၅၀ က လာရောက်လျှောက်ထားခဲ့ပြီး ကျန်ပါတီ ၄၀ မှာ သတ်မှတ်ကာလအတွင်း လာရောက်လျှောက်ထားခြင်းမရှိပါကြောင်း၊ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဥပဒေ၏ပုဒ်မ ၃အရ ယနေ့အထိ နိုင်ငံရေးပါတီအသစ် တည်ထောင်ခွင့်လျှောက်ထားလာသည့်ပါတီ ၁၃ ပါတီရှိပါကြောင်း၊ ၂၇-၇-၂၀၂၃ ရက်ထိ ယခင်ပါတီဟောင်း ၅၀ အနက်မှ နိုင်ငံရေးပါတီ ၃၀ နှင့် နိုင်ငံရေးပါတီအသစ် လျှောက်ထားသည့် ၁၃ ပါတီအနက်မှ နိုင်ငံရေးပါတီ ငါးပါတီ စုစုပေါင်း ၃၅ ပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီသစ်တစ်ရပ် တည်ထောင်လိုသူများအနေဖြင့် ပါတီတည်ထောင်ခွင့်ကို နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ ဆက်လက်လျှောက်ထားနိုင်သည်ကို ပြောကြားလိုပါကြောင်း၊ တည်ဆဲဥပဒေအရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့သည့်ပါတီများ၊ ပါတီသစ်အဖြစ်ပေါ် ထွက်လာသည့်ပါတီများမှာ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ ကျန်ရှိနေသေးပါကြောင်း၊ **ပါတီဟောင်းများအနေဖြင့် ပါတီဝင်အသစ်များပါရှိလာသည်ရှိသကဲ့သို့ ပါတီသစ်များအနေဖြင့်လည်း ပါတီများခိုင်မာတည်တံ့ရေးအပါအဝင် ပါတီ၏မူဝါဒများကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိစေနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပါတီဝင်များရရှိရေး၊ ထောက်ခံမှုတိုးတက်လာစေရေး စသည်များအတွက် စည်းရုံးလှုံ့ဆော်ခြင်းများကို ဆောင်ရွက်သွားရဦးမည်ဖြစ်**ပါကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းလွတ်လပ်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများမရှိဘဲ အကြောက်တရားကင်းစွာဖြင့် စည်းရုံးရေးဆောင်ရွက်နိုင်မှုစသည့်အခင်းအကျင်းများဖြစ်ပေါ်လာစေရန် မိမိတို့အစိုးရအနေဖြင့် ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အခင်းအကျင်းနှင့် ပါတီများ၏လိုအပ်သည့် နိုင်ငံရေးလုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်အတွက် အစိုးရအနေဖြင့် အချိန်ကာလတစ်ခုအထိ လိုအပ်နေဦးမည်လည်းဖြစ်ပါကြောင်း။

စတုတ္ထလုပ်ငန်းစဉ်ဖြစ်သည့် **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်စတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။"**ဆိုသည့်အချက်နှင့်ပတ်သက်ပြီး ဆောင်ရွက်မှုများကိုပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ်နှင့် လျှောက်လှမ်းနိုင်ရန်အတွက် တည်ငြိမ်အေးငြိမ်းချမ်းမှုရှိရန်၊ တရားဥပဒေစိုးမိုးရန်သည် မဖြစ်မနေလိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင်နေထိုင်သည့် တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ဆန္ဒနှင့်လိုလားချက်များကို လက်နက်ကိုင်တောင်းဆိုနေ၍ မရဘဲ ဒီမိုကရေစီစံနှုန်းနှင့်အညီ ပေါင်းစပ်ညှိနှိုင်းပြီး ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်ထဲကို တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံညီညီရောက်ရှိပြီး လိုလားချက်များ၊ ရည်မှန်းချက်များကို လွှတ်တော်အသီးသီးတွင် ပွင့်လင်းမြင်သာစွာ ဆွေးနွေးဆုံးဖြတ်၊ အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်များကို လက်နက်ကိုင်လမ်းကြောင်းမှ နိုင်ငံရေးစင်မြင့်ပေါ်တက်ရောက်လာနိုင်ရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို အလေးထားအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)သည် အစိုးရနှင့် EAO များအကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြားထားရှိခဲ့သည့် ကတိကဝတ်များပင်ဖြစ်ပါကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် **၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၂၇ ရက်အထိ NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့ ခုနစ်ဖွဲ့၊ လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အဖွဲ့ သုံးဖွဲ့တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုပေါင်း ၂၂ ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်**ပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များအနက် လက်နက်ကိုင်အဖွဲ့ သုံးဖွဲ့သည် အကြောင်းပြချက်အချို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ဆွေးနွေးမှု မရှိခဲ့သည်ကိုတွေ့ရှိရ ပါကြောင်း၊ ၎င်းအဖွဲ့များအနေဖြင့် တိုင်းပြည်၏တည်ငြိမ်အေးချမ်းရေးကို အချိန်မရွေးနှောင့်ယှက်ဖျက်ဆီးမှုများ ဆောင်ရွက်လာနိုင်သည်ကိုလည်း သတိပြုမိစေလိုပါကြောင်း၊ ယခုလည်း ၎င်းအဖွဲ့များသည် အကြမ်းဖက်တိုက်ခိုက်မှုများဆောင်ရွက်နေကြပါကြောင်း။

ငြိမ်းချမ်းရေးဆွေးနွေးမှုတိုင်းတွင် တက်ရောက်ဆွေးနွေးခဲ့သည့် အဖွဲ့တိုင်း၏လိုလားချက်၊ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကိုလည်း စနစ်တကျစုစည်းထားရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်မပျက်ဆောင်ရွက်နိုင်ရန်စီစဉ်ထားရှိပါကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်နှင့် ဆွေးနွေးဆောင်ရွက်သွားရမည့်ကိစ္စရပ်များလည်း အများအပြားကျန်ရှိနေပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် **မြန်မာနိုင်ငံငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုသော စိတ်ဆန္ဒရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် အစဉ်အမြဲတံခါးဖွင့်ထား**ပါကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နောက်ဆုံးအချက်ကို **စာမျက်နှာ ၂၁ သို့**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၃)တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွေးနွေးတင်ပြစဉ်။



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆွေးနွေးတင်ပြစဉ်။



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရိုးထွဋ် ဆွေးနွေးတင်ပြစဉ်။



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆွေးနွေးတင်ပြစဉ်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဆွေးနွေးတင်ပြစဉ်။





ယာယီသမ္မတ ဦးမြင့်ဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃)တွင် ဆွေးနွေးပြောကြားစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

**“အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်”**ဟု ချမှတ်ထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်စတင်ကျင့်သုံးသည့်ကာလကစပြီး အထွေထွေရွေးကောက်ပွဲ သုံးကြိမ်ကို ကျင်းပဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံအတွင်း မြို့နယ်ပေါင်း ၃၃၀ မြို့နယ်ရှိပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၃၂၃ မြို့နယ်ကို ရွေးကောက်ပွဲကျင်းပဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတို့တွင် အငြင်းပွားမှုအနည်းငယ်မျှသာဖြစ်ပေါ်ခဲ့ပြီး ၎င်းကာလများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်များအနေဖြင့် ကျေလည်အောင်ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ရှိသည့် မြို့နယ် ၃၁၅ မြို့နယ်၌ မဲရုံပေါင်း ၃၉၉၆၃ ရုံဖွင့်လှစ်ပြီး ပြုလုပ်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်သည့် မြို့နယ်များ ကျဆင်းလာပြီး ပြည်သူ့ဆန္ဒဖော်ထုတ်နိုင်မှု လျော့နည်းသွားသည်ကို သတိပြုဖွယ်တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ၎င်းကာလတွင်တာဝန်ယူထားသည့် အစိုးရအနေဖြင့် လုံခြုံရေးဆိုင်ရာအကြောင်းပြချက်ဖြင့် မြို့နယ် ၁၅ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပနိုင်မှုမရှိကြောင်း ကြေညာခဲ့သည့်အပေါ် အဆိုပါဒေသများတွင်ရှိသည့် တိုင်းရင်းသားပါတီများမှ ဝေဖန်ထောက်ပြမှုများ အများအပြားဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲအတွက် အဓိကအကျဆုံးဖြစ်သည့် ဆန္ဒမဲပေးနိုင်သည့် လူဦးရေစာရင်းထုတ်ပြန်ရာတွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၃၈၂၇၁၄၄၇ ဦး (၃၈ ဒသမ ၂ သန်းကျော်)ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်သည့်စာရင်းအရ ၃၁၇၇၅၃၃၀ ဦး (၃၁ ဒသမ ၇သန်းကျော်) ဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်သည့်စာရင်းအရ ၃၅၄၇၆၈၃၃ ဦး (၃၅ ဒသမ ၄သန်းကျော်)ဖြစ်သည့်အတွက် ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်သည့်စာရင်းသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်သည့်စာရင်းထက် ၆ ဒသမ ၅ သန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်သည့်စာရင်းထက် ၂ ဒသမ ၈ သန်း စသည်ဖြင့် မဲစာရင်းကိုရည်ရွယ်ချက်ရှိရှိ စာရင်းပိုပြထားသည်ကို သတိပြုမိနိုင်ပါကြောင်း။

ဆန္ဒမဲပေးအပ်ချိန်တွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်အရ ဆန္ဒမဲပေးခွင့်ရှိသူ ၃၈၂၇၁၄၄၇ ဦး (၃၈ ဒသမ ၂ သန်းကျော်)အနက် ၂၇၅၁၂၈၅၅ ဦး (၂၇ ဒသမ ၅သန်းကျော်) ရာခိုင်နှုန်းအားဖြင့် ၇၁ ဒသမ ၈၉ ရာခိုင်နှုန်းက မဲပေးခဲ့ကြကြောင်းကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ရွေးကောက်ပွဲကော်မရှင်အသစ်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခဲ့ရာ၌ **မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲအရေအတွက် ၁၁ ဒသမ ၃ သန်းကျော်ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် နိုင်လုံသည့်မဲအရေအတွက်သည် ၁၆ ဒသမ ၂ သန်းခန့်ရှိပြီး မဲပေးပိုင်ခွင့်ရှိသူအရေအတွက်နှင့်တွက်ကြည့်ပါက နိုင်မာသည့်မဲသည် ၄၂ ရာခိုင်နှုန်းခန့်သာရှိသည်ဟု ယူဆနိုင်**ပါကြောင်း။

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများက တိုင်ကြားချက်များ၊ ထုတ်ဖော်ပြောဆိုမှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ တရားမျှတမှုကိုလိုလားသည့် ပြည်သူများ၏ ဆန္ဒထုတ်ဖော်မှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရလည်းကောင်း၊ နိုင်ငံ၏နိုင်ငံရေးသမိုင်းစဉ် ဖြတ်သန်းမှုအရ စိစစ်ပေးရန်၊ သတိပေးရန်၊ အသိပေးရန်လိုအပ်သည့် အဖွဲ့အစည်းသည် **တပ်မတော်**ပင်ဖြစ်သည့်အတွက်လည်းကောင်း လိုအပ်သည့်စစ်ဆေးမှုများကိုဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးမှုများဆောင်ရွက်ပြီးနောက် မဲစာရင်းများအရ မဲမသမာမှုဖြစ်နိုင်သည့်စာရင်းသည် ၁၀၄၈၂၁၁၆ ဦး (၁၀ ဒသမ ၄ သန်းကျော်)ဖြစ်သည့်အတွက် မဲပေးပိုင်ခွင့်ရှိသူပမာဏ၏ လေးပုံ တစ်ပုံကျော်ဖြစ်ပေါ်ခဲ့သည်ကို အံ့သြဖွယ်ရာတွေ့ရှိရပါကြောင်း၊ စိစစ်တွေ့ရှိသည့် အချက်အလက်များကို ဖြေရှင်းဆောင်ရွက်ပေးရန် UEC၊ တည်ဆဲအစိုးရ၊ လွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ကို တိုက်တွန်းဆောင်ရွက်ခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့ပါကြောင်း၊ ထိုကဲ့သို့ လုံးဝဖြေရှင်းပေးမှုမရှိခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ ယင်းနောက် အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖြင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ မဲစာရင်းများကို လိုအပ်သည့်စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်၏ မဲစာရင်းစစ်ဆေးမှုများအရ မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအရေအတွက် ၁၁၃၀၅၃၉၀ ဦး ( ၁၁ ဒသမ ၃ သန်းကျော်)ဖြစ်ပွားခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရပါကြောင်း၊ မဲမသမာမှုဖြစ်ပွားအောင် စီစဉ်ဆောင်ရွက်ခဲ့သည့် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကိုလည်း ၎င်းတို့ကျူးလွန်ခဲ့သည့်ပြစ်မှုများအလိုက် ထိုက်သင့်သည့်အရေးယူမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုကဲ့သို့ မဲမသမာမှုဖြစ်စဉ်ဖြစ်ပွားခဲ့ရခြင်း အကြောင်းရင်းများကို ပြန်လေ့လာကြည့်ပါက နိုင်ငံတော်၏အာဏာကို မသမာသည့်နည်းလမ်းဖြင့် ရယူရန်ကြိုးစားခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သကဲ့သို့ မဲစာရင်းများ တိကျခိုင်မာမှုမရှိခြင်းကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းတိကျခိုင်မာမှုရှိရေးသည် အဓိကအချက်ပင်ဖြစ်ပါကြောင်း၊ ခိုင်မာတိကျသည့်မဲစာရင်းဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံအတွင်းတွင်ရှိသည့် ဆန္ဒမဲပေးခွင့်ရှိသူ၊ ဆန္ဒမဲပေးခွင့် မရှိသူ၊ ဆန္ဒမဲပေးအပ်နိုင်သူ၊ ဆန္ဒမဲပေးအပ်နိုင်ခြင်းမရှိသူ စသည်တို့ကို အသေးစိတ်စာရင်းရရှိနေရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် ဧပြီလတွင် နောက်ဆုံးအကြိမ် ကောက်ယူခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင်လည်း ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ကောက်ခံခဲ့ပြီး ကြားဖြတ်သန်းခေါင်စာရင်းအစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းနှင့် ကြားဖြတ်အစီရင်ခံစာပါစာရင်းများကို အခြေပြုသည့်မဲဆန္ဒစာရင်းကို ထုတ်ပြန်ခဲ့ပါက ယခုလောက် မဲစာရင်းကွာခြားမှု မဖြစ်နိုင်သည်ကို သုံးသပ်ရရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းပါ အချက်အလက်များအရ မြန်မာနိုင်ငံ၏လူဦးရေ တိုးတက်မှုနှုန်းသည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်စာရင်းတွေအရ တစ်နှစ်လျှင် သုည ဒသမ ၈၈ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်စာရင်းအရ တစ်နှစ်လျှင် သုည ဒသမ ၈၇ ရာခိုင်နှုန်းမျှသာရှိပါကြောင်း၊ အဆိုပါလူဦးရေတိုးတက်မှုနှုန်းထားကိုသာ အလေးထားဆောင်ရွက်ပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ထုတ်ပြန်ခဲ့သော မဲပေးပိုင်ခွင့်ရှိသည့် အင်အားသည် ယခုအတိုင်းအတာအထိဖောင်းပွလာရန် မရှိသည်ကိုလည်းသုံးသပ်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သန်းခေါင်စာရင်းကောက်ယူမှု မရှိသေးသည်ကို အခွင့်ကောင်းယူပြီး မဲမသမာမှုလုပ်ဆောင်သွားသည်ဟုလည်း သုံးသပ်ရရှိပါကြောင်း။

**မိမိတို့အစိုးရအဖွဲ့သည် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ့တာဝန်ကိုရယူခဲ့ရသည့် အစိုးရဖြစ်သည့်အတွက် မိမိတို့အစိုးရတာဝန်ယူဆောင်ရွက်ပေးရမည့် ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုရှိစေရေးသည် အဓိကအကျဆုံးဖြစ်**ပါကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်းအကြားအလပ်မရှိသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေးနှင့် မဲစာရင်းမှန်ကန်တိကျမှုရှိစေရေးကို ရည်မှန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် အဓိကအကျဆုံးဖြစ်သည့် မဲစာရင်းများ မှန်ကန်တိကျမှုရှိစေရေးအတွက် သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်တိုင်းပြည်လုံးလွှမ်းခြုံနိုင်သည့် သန်းခေါင်စာရင်းကောက်ယူမှုအောင်မြင်မှသာ ခိုင်မာသည့်မဲဆန္ဒရှင်စာရင်းကို ရရှိနိုင်မည်ဖြစ်သည့်အတွက် အလေးထားဆောင်ရွက်နေချိန်တွင် လက်နက်ကိုင်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု၊ ခြိမ်းခြောက်မှုများကြောင့် လုပ်ငန်းဆောင်ရွက်မှုတွင် နှောင့်နှေးမှုများဖြစ်ပေါ်နေကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း၊ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းပြီး ရွေးကောက်ပွဲအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပြီးချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အကြားအလပ်မရှိ ရွေးကောက်ပွဲကိုကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ပင်ဖြစ်ပါကြောင်း။

အထွေထွေအနေဖြင့် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင် မြန်မာနိုင်ငံစစ်တွေမြို့ကို တစ်နာရီ မိုင် ၁၃၀ ကျော်ဖြင့် အလွန်အလွန်အားကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပါကြောင်း၊ မိုခါမုန်တိုင်းတိုက်ခတ်နိုင်သည့်အခြေအနေကို မေ ၄ ရက်တွင် စတင်သိရှိခဲ့ပါကြောင်း၊ မေ ၆ ရက်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့ပြီး မုန်တိုင်းနှင့်ပတ်သက်သည့် အချက်အလက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များကို နိုင်ငံတော်ပိုင်မီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်ခဲ့ပါကြောင်း၊ မိုခါမုန်တိုင်းဖြတ်ကျော်ဝင်ရောက်ချိန်တွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်ကို ဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့် အနီရောင်အဆင့်ဒေသများအဖြစ် ၂၀၂၃ ခုနှစ် မေ ၁၃ ရက်တွင် ကြိုတင်ကြေညာစေခဲ့ပါကြောင်း၊ မိုးလေဝသဆိုင်ရာ ကြိုတင်သတိပေးရေးလုပ်ငန်းစဉ်အရ မုန်တိုင်းမဝင်မီ ၁၂ နာရီအလိုတွင် ထုတ်ပြန်လေ့ရှိသော်လည်း မိမိအနေဖြင့် မုန်တိုင်းမဝင်မီ တစ်ရက်ကျော်ကတည်းက ကြိုတင်ကြေညာစေခဲ့သည့်အပြင် မုန်တိုင်းတိုက်ခတ်နိုင်သည့်ဒေသသီးသီးမှ ပြည်သူများကိုလည်း အချိန်မီရွှေ့ပြောင်းပေးနိုင်ခဲ့ပါကြောင်း၊ **ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုကောင်းမွန်ခဲ့သည့်အတွက် မုန်တိုင်းကြောင့် သေဆုံးရသည့်အရေအတွက်နည်းပါးခဲ့ပြီး တိုက်စတ်ခဲ့သည့်မုန်တိုင်း၏ အရှိန်နှင့်နှိုင်းယှဉ်ပါက မိမိတို့၏ပြည်သူလူထုအပေါ် အလေးထားဆောင်ရွက်ပေးနိုင်ခဲ့မှုကို သုံးသပ်နိုင်မည်ပင်ဖြစ်**ပါကြောင်း၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ရခိုင်ပြည်နယ်မြောက်ပိုင်း ခုနစ်မြို့နယ်နှင့် ချင်းပြည်နယ်မှ နှစ်မြို့နယ်တို့သည် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပါကြောင်း။

မိမိအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ တပ်မတော်အကြီးအကဲများသည် မုန်တိုင်းဒဏ်သင့်ဒေသများသို့ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များဆောင်ရွက်ဖြည့်ဆည်းပေးခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူများနှင့် တပ်မတော်မှ အရာရှိကြီးများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အနီးကပ်ကြီးကြပ်နိုင်ရေး တာဝန်ပေးအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံပညာကျောင်းများကို အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ စားနပ်ရိက္ခာပြတ်လပ်မှု မရှိရေး၊ ဆက်သွယ်ရေးစနစ်နှင့် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးအပါအဝင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အရှိန်အဟုန်နှင့် ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းစဉ်မှန်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

နိုင်ငံတကာ၏ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ပေးပို့လှူဒါန်းမှုကို သဘောတူခွင့်ပြုမှု၊ စနစ်တကျရှိမှုတို့အတွက် On-Site Operation Coordination Centre ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး အပြည့်အဝပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ပြည်ပနိုင်ငံများမှ အစိုးရများ၊ အရေးပေါ်တုံ့ပြန်မှုနှင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့(ERAT)၏ သတင်းထုတ်ပြန်ရေးအဖွဲ့၊ ကုလသမဂ္ဂ၏လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး(UNOHCHR) အဖွဲ့အစည်းများ၊ AHA Centre ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် စေတနာရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများလှူဒါန်းမှု၊ အလှူငွေများလှူဒါန်းမှု၊ မြန်မာနိုင်ငံအတွင်းသို့ လာရောက်သတင်းရယူမည့် ခရီးစဉ်များကို ခွင့်ပြုပေးခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများကို မူလအခြေအနေထက်ပိုမိုကောင်းမွန်အောင် နည်းမျိုးစုံဖြင့်ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

**စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၂ မှအဆက်**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်ဟုပါရှိကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၄ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက တစ်ကြိမ်လျှင် ခြောက်လထိ ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ ဆက်လက်သက်တမ်းတိုးခြင်းကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးပြောကြားရာတွင် အကြမ်းဖက်သမားများကြောင့်ဖြစ်ပေါ်ခဲ့သည့် လူမှုစီးပွားဘဝထိခိုက်မှုများဖြစ်ပေါ်ခဲ့မှုများနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုကြောင့် အကြမ်းဖက်မှုများလျော့ပါးလာအောင်ဆောင်ရွက်နိုင်ခဲ့မှု၊ တပ်မတော်အနေဖြင့်လည်း အကြမ်းဖက်မှုများလျော့ပါးစေရေးအတွက် လိုအပ်သည့်စစ်ဆင်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်သွားရန်အတွက် အချိန်တစ်ခုလိုအပ်နေမှု၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မဲစာရင်းများ မှန်ကန်မှုရှိရန်အတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်မှုနှင့် ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ခြောက်လသက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံမှုနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဆွေးနွေးတင်ပြရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရှင်းလင်းဆွေးနွေးမှုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းလုံးအရေးပေါ် အခြေအနေကြေညာထားသည့်ကာလကို ခြောက်လသက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က ဆွေးနွေးတင်ပြရာတွင် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များမှအစပြု၍ နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်ခဲ့မှုနှင့်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်ရွက်ခဲ့မှုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ခြောက်လ သက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက လွန်ခဲ့သည့် ခြောက်လတာကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်မှ တိုးတက်အောင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို နိုင်ငံတကာမှသိရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် နိုင်ငံတစ်ဝန်းလုံးအရေးပေါ် အခြေအနေကြေညာထားသည့်ကာလကို ထပ်မံသက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က အကြမ်းဖက်မှုဖြစ်စဉ်များ လျော့ပါးလာသည်ဖြစ်သော်လည်း အချို့နေရာများ၌ ဖြစ်ပေါ်နေဆဲဖြစ်သည့် အခြေအနေများ၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို သက်တမ်းထပ်မံတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် အထွေထွေဆွေးနွေးရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က EAO အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆက်လက်ဆောင်ရွက်နေမှု၊ ပြည်တွင်းအင်အားဖြင့် စီးပွားရေးပိတ်ဆို့မှုများအား ကျော်လွှားနိုင်ရေး ဆောင်ရွက်နေမှု၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲဆိုင်ရာအခင်းအကျင်းများနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ယာယီသမ္မတ ဦးမြင့်ဆွေက ယခင်ကျင်းပခဲ့သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃)အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်ထိ တာဝန်ထမ်းဆောင်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးကို ရှေးရှုပြီး ဆောင်ရွက်ခဲ့သည့် အခြေအနေများကိုသာမက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအပါအဝင် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့သည့်အတွက် **“နိုင်ငံတော်၏ အခြေအနေအရပ်ရပ်သည် သာမန်မဟုတ်သည့် အခြေအနေ”**အဖြစ် သတ်မှတ်ခဲ့ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် သာမန်မဟုတ်သည့် ဖြစ်စဉ်၊ ဖြစ်ရပ်များ၊ ပြောင်းလဲလာသည့် ကာကွယ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် အကြောင်းအရာများကိုမူတည်ပြီး လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်ကိုလည်း သတိပြုမိပါကြောင်း။

ယခင် နှစ်နှစ်တာကာလတာဝန်ထမ်းဆောင်ချိန်မှာ ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက် ဆောင်ရွက်ပြီးစီးခဲ့သည့်အချက်အလက်များအစား ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိနေသည့် အချက်အလက်များနှင့် ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ခဲ့သည်ကို မြင်တွေ့ခဲ့ရပါကြောင်း၊ ထို့ပြင် နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန်ရည်ရွယ်ပြီး ယခင်နှစ်နှစ်တာကာလအတွင်းချမှတ်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ပြင်ဆင်၊ ဖြည့်စွက်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးကို ရှေးရှုသည့် ဆောင်ရွက်ချက်များဖြစ်သည့်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်းကို ပြောကြားလိုပါကြောင်း။

**မဲဆန္ဒရှင်ပြည်သူအားလုံးကို အေးချမ်းလုံခြုံစွာ မဲပေးနိုင်ခွင့်ရှိရေး ဆောင်ရွက်ပေးရမည်မှာ အစိုးရတာဝန်ဖြစ်သကဲ့သို့ မဲပေးခြင်း၊ မဲမပေးကြခြင်းမှာ ပြည်သူတစ်ဦးတစ်ယောက်ချင်း၏ ဒီမိုကရေစီအခွင့်အရေးပင်ဖြစ်၊ မိမိတို့အစိုးရက တာဝန်ယူကျင်းပရသည့် ရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အဆုံးအဖြတ်ပေးမည့်ကိစ္စဖြစ်. . .**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့်လည်း ယခုအစည်းအဝေးတွင် ပြင်ဆင်ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်တို့ကို ပြီးခဲ့သည့်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများကို ပြည့်စုံစွာရှင်းလင်းဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

လက်ရှိ နိုင်ငံရေးအခင်းအကျင်းကိုဖြစ်ပေါ်စေခဲ့သည့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမဲမသမာမှုကို ဖြေရှင်းဆောင်ရွက်ပြီးချိန်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မူလဦးတည်ရည်မှန်းချက်ဖြစ်သည့် ရွေးကောက်ပွဲအခင်းအကျင်းဖြစ်ပေါ်လာစေရေးအတွက် ဦးတည်ဆောင်ရွက်နေသည်ကိုလည်း သတိပြုမိပါကြောင်း။

ဒီမိုကရေစီစနစ်၏အသက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပေါ်လာစေရေး၊ စုစည်းမှုအင်အားရှိသည့် နိုင်ငံရေးပါတီများဖြစ်ပေါ်လာစေရေး၊ တိုင်းရင်းသားပြည်သူလူထုများ၏ အသံကို ကြားသိနိုင်သည့် အခင်းအကျင်းဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ပေးခဲ့ခြင်းမှာလည်း သင့်လျော်ကောင်းမွန်သည့် ဆောင်ရွက်ချက်တစ်ခုဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် အခြားပုဂ္ဂိုလ်ရေး၊ စည်းရုံးရေးဆိုင်ရာအခြေအနေအချို့ကြောင့် ယခင်တည်ရှိခဲ့သည့် ပါတီများအနက် အချို့ပါတီများသည် မှတ်ပုံတင်ရန်ပျက်ကွက်ခဲ့ကြပါကြောင်း၊ ယင်းဖြစ်စဉ်၏ အခြားတစ်ဘက်တွင် နိုင်ငံရေးပါတီတချို့ပူးပေါင်းခြင်း၊ ပါတီသစ်တချို့မှတ်ပုံတင်ခြင်း စသည်များလည်း ဖြစ်ထွန်းလာသည်ကို တွေ့မြင်ရသည့်အတွက် ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေသည် အနှစ်သာရအားဖြင့် ပြည့်စုံသည့်ဥပဒေဖြစ်သည်ကို သက်သေပြနေခြင်းဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များပြီးဆုံးချိန်တွင် ရွေးကောက်ပွဲကျင်းပခြင်းဟူသည့် လုပ်ငန်းစဉ်ကိုရောက်ရှိနိုင်ရေး ပြင်ဆင်ခြင်းအဆင့်ကို ကျော်ဖြတ်ရဦးမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဆွေးနွေးချက်တွင် ရွေးကောက်ပွဲကျင်းပမှုကို အခင်းအကျင်းနှစ်ခုဖြင့် ဆွေးနွေးသွားသည်ကို တွေ့ရပါကြောင်း၊ **ပထမအခင်းအကျင်း**အရ လက်ရှိပစ်ခတ်တိုက်ခိုက်မှု၊ အကြမ်းဖက်မှု၊ ဥပဒေမဲ့ပြုကျင့်မှုများဖြစ်ပွားနေသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးမြောက်ဘက်ခြမ်းနေရာအချို့၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ နေရာအနည်းငယ်တို့ကို ချန်လှပ်ပြီး ရွေးကောက်ပွဲပြုလုပ်ရန်ဖြစ်ပါကြောင်း။

**ဒုတိယအခင်းအကျင်း**အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲကိုဖြစ်မြောက်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း၊ အခင်းအကျင်းတိုင်းတွင် အားသာချက်၊ အားနည်းချက်များရှိသည်ကို တွေ့ရပါကြောင်း၊ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တပ်မတော်ကိုအခြေပြုပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်သည့်အတွက် တပ်မတော်၏ မူလရပ်တည်ချက်ဖြစ်သည့် ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားထိခိုက်မှုမရှိစေရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၆(စ)ပါ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်ဟူသည့် တာဝန်ကြီးများကို မပိတ်မသုန်ထမ်းဆောင်ရမည်လည်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအခင်းအကျင်းနှစ်ခု၏ အားသာချက်၊ အားနည်းချက်များအနက် လျှောက်လှမ်းမည့်ဒီမိုကရေစီလမ်းကြောင်းသည် ပြည်သူအနိုင်ရရေးကိုသာ ဦးတည်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ဆွေးနွေးသွားသည်ကိုလည်း လေးလေးနက်နက် သတိပြုမိပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူအားလုံး၏ ဆန္ဒသဘောထားကို ထင်ဟပ်စေမည့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရွေးကောက်ပွဲကျင်းပရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကျင်းပရာတွင်လည်း အကြောက်တရားကင်းကင်း၊ အမှီအခိုကင်းကင်းဖြင့် မဲပေးခွင့်ရစေရေး၊ အကြမ်းဖက်မှုကို လိုလားသူများနှင့် အားပေးသူများ လွှတ်တော်အတွင်း ရောက်ရှိမလာစေရေးစသည့် **ပြည်သူကိုရှေးရှုသည့် ရည်မှန်းချက်**များသည် ပြည့်စုံလှသည့် ဆွေးနွေးချက်များဖြစ်သည်ဟုဆိုရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးစသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း။

လတ်တလော နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်တက်ကြွ၍ ဘက်မလိုက်သည့်မူဝါဒကိုကျင့်သုံးပြီး ပြည်ပနိုင်ငံအသီးသီးနှင့် ဆက်ဆံရေးကိစ္စရပ်များ၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည့် နယ်ပယ်အသီးသီးမှ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တိုးမြှင့်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဆက်လက်ပြီး တိုးတက်မှုများရရှိအောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်ကိုလည်း မြင်တွေ့နေရပါကြောင်း။

ထို့ပြင် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ချမှတ်ထားသည့် အမျိုးသားရေးလုပ်ငန်းစဉ် နှစ်ရပ်နှင့် နိုင်ငံရေးလုပ်ငန်းစဉ် နှစ်ရပ်ကိုလည်း လက်ရှိရထားသည့် အခြေအနေကောင်းတစ်ရပ်မှ ဆက်လက်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရန် အချိန်အတိုင်းအတာအရ လိုအပ်လျက်ရှိနေကြောင်း တွေ့ရှိရပါကြောင်း၊ အခုဆွေးနွေးခဲ့သည့် ခြောက်လတာကာလအတွင်း ကြုံတွေ့ခဲ့ရသည့် လေဘေးအပါအဝင် မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူလူထုများ၏ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းအပါအဝင် ပြန်လည်ထူထောင်ရေးနှင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအတွက် စိတ်ခွန်အား၊ ငွေအား၊ လူအားတို့ကို အရှိန်အဟုန်နှင့် ဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိနေဆဲဖြစ်သည်ကိုလည်း တွေ့ရှိရပါကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့်ကာလအတွင်း နိုင်ငံတကာနှင့် ဘက်ပေါင်းစုံမှ ထိုးနက်တိုက်ခိုက်မှုကြားမှ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားတိုးတက်ရေးကိုရှေးရှုပြီး ဆောင်ရွက်ခဲ့မှုများကို လေးစားစွာ အသိအမှတ်ပြု**ပါကြောင်း၊ **ဖြစ်ပေါ်ပြောင်းလဲလာမှုများအပေါ်မူတည်ပြီး ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ပြင်ဆင်၊ ဖြည့်စွက်ဆောင်ရွက်ချက်များနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်ချက်များသည် သမိုင်းမှတ်တမ်းရေးထိုးနိုင်ခဲ့ပြီဟု ဆိုနိုင်**ပါကြောင်း။

**တိုင်းပြည် တည်ငြိမ်အေးချမ်းမှုရရှိစေရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူတစ်ဦးချင်းစီ၏ လွတ်လပ်မှု၊ အမှီအခိုကင်းမှု၊ အကြောက်တရားကင်းမဲ့စွာ မဲပေးနိုင်မှုစသည့် ရွေးကောက်ပွဲအခင်းအကျင်းတစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်**ပါကြောင်း။

ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် မိမိအပါအဝင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံး၏ သဘောတူဆွေးနွေးဆုံးဖြတ်ချက်များအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ခ)**၏ လုပ်ပိုင်ခွင့်များအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၄၂၅** နှင့်အညီ နိုင်ငံတော်၏ နိုင်ငံရေးအခြေအနေအရ **“နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ၁-၈-၂၀၂၃ ရက်မှစ၍ နောက်ထပ်ခြောက်လ တိုးမြှင့်သတ်မှတ်ကြောင်း”** နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်”** ထံသို့ ထပ်မံအပ်နှံကြောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာအပ်ပါကြောင်း၊ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ** အနေဖြင့်လည်း ကြေညာချက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၃)ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

# အံ့ဖွယ်ထူးခြား မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လှူဒါန်းမှုအစုစုအတွက် ရဟန်းရှင်လူပြည်သူအပေါင်းတို့ သာဓုခေါ်ကြလေပြီ...

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာတော် အထွန်းကားဆုံးနိုင်ငံဖြစ်သည်။ ဗုဒ္ဓသာသနာတော်တွင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာဟူ၍ သာသနာသုံးရပ်ရှိသည်။ ထိုသာသနာတော်သုံးရပ်ထွန်းကားပြန့်ပွားရေးအတွက် သံဃာတော်များနှင့်ဗုဒ္ဓနွယ်ဝင်သူတော်စင်အပေါင်းတို့က ရွက်ဆောင်ကြရသည်။ လူသာမန်တို့လိမ္မာယဉ်ကျေးစေရေးအတွက် သံဃာတော်များကတရားဓမ္မများသွန်သင်ဟောပြဆုံးမကြသလို ဒါယကာ၊ ဒါယိကာမအပေါင်းကလည်း ပစ္စည်းလေးပါးဖြင့် သံဃာတော်အရှင်မြတ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့ကြောင့်သာသနာတော်သည်အဓွန့်ရှည်တည်တံ့လျက်ရှိသည်။

သောကြောင့် ယနေ့ထက်တိုင် ပြည်သူများကိုးကွယ်နိုင်သည့်ကုသိုလ်ထူးကိုရရှိနေကြသည်။ ဘာသာသာသနာကိုစောင့်ရှောက်ကြသည့်မင်းများပေါ်ထွက်လာသည့်အခါတိုင်း သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် စေတီ၊ ပုထိုး၊ ကျောင်း၊ ဇရပ်၊ ဗုဒ္ဓရုပ်ပွားတော်များနှင့်သာသနိကအဆောက်အအုံများဆောက်လုပ်တည်ထားကိုးကွယ်ခဲ့သည့်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရွှေရောင်တဖိတ်ဖိတ် တောက်ပလျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံကို ရွှေနိုင်ငံ (Golden Land) ဟု ကမ္ဘာကအသိအမှတ်ပြုလက်ခံလျက်ရှိပါသည်။ ဘုရားရှင်ကိုယ်ပွားရုပ်ပွားတော်မြတ်များကိုဖူးမြော်ရသည်မှာ စိတ်အေးချမ်းသာ



ဆင်းတုတော် အပိုင်း(၁)အား CNC စက်ဖြင့် စက်စားခြင်းအဆင့်ဆင့်ကို တွေ့ရစဉ်။

တည်ထားကိုးကွယ်ရခြင်း၏ ရည်ရွယ်ချက်များမှာလည်းထူးခြားလှပါသည်။ **“မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်”** စသည့်ရည်ရွယ်ချက် (၄)ရပ်ကို လေ့လာကြည့်ပါက မြန်မာသာမက ကမ္ဘာကြီးလည်း ငြိမ်းချမ်းသာယာစေချင်သည့်မွန်မြတ်သည့်စိတ်ထားမှာ မြန်မာတို့၏ ဖြူစင်သောစိတ်ရင်းနှင့်မေတ္တာတရားပင်ဖြစ်သည်။

နိုင်ငံတော်သာယာဝပြောမှုဆိုသည်မှာ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများတိုးတက်စေရမည်။ ပျော်ပျော်ရွှင်ရွှင်ပညာ





ကျောက်စာရေးထွင်းခြင်းနှင့် ကျောက်စာရုံအတွင်းသို့ ကျောက်စာချပ်များ ထည့်သွင်းပြီးစီးပုံကိုတွေ့ရစဉ်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော်သည်လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက အမြစ်တွယ်ခိုင်မာလာခဲ့ခြင်းဖြစ်ပေရာ ခေတ်အဆက်ဆက်မင်းနှင့်ပြည်သူတို့ညီညွတ်စွာ သာသနာတော်ကိုထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ သက်တော်ထင်ရှားမြတ်စွာဘုရားကိုအာရုံပြုလျက် စိတ်ဖြင့်ရည်မှန်းပူဇော်နိုင်ရန် ဘုရားရှင်၏ကိုယ်ပွားဆင်းတုတော်များ ထုလုပ်ကိုးကွယ်ခဲ့ကြသည်။ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီတော်မြတ်များတည်ထားကိုးကွယ်မှုကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဖူးတွေ့နိုင်သည်။

ဘုရားစေတီများတည်ထားကိုးကွယ်ခြင်းဖြင့် ငြိမ်းအေးချမ်းသာမှုနှင့်ကုသိုလ်အပေါင်းကိုရရှိနိုင်သည်။ မြန်မာနိုင်ငံသမိုင်းတွင် သာသနာတော်ကိုအထူးစောင့်ရှောက်တော်မူသည့်ဘုရင်များ၊ အုပ်ချုပ်သူများလက်ထက်တွင် သာသနာတော်သည်ပို၍ထွန်းကားသည်။ ဘုန်းကံကြီးမားသောမင်းများက ဘုရားစေတီများတည်ထားခဲ့ကြည်နူးမှုဖြစ်သလို မကောင်းမှုကိုမပြုလိုသည့်စိတ်ကောင်းများကို မွေးမြူမိကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဦးဆောင်ဘုရားဒါယကာအဖြစ် ပြည်ထောင်စုနယ်မြေနေပြည်တော်၌ “မာရဝိဇယ”ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုတည်ထားလျက်ရှိသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည်၊ မာရဝိဇယဟူသောဘွဲ့တော်အမည်မှာ “မာရ်နတ်မင်း၏အနှောင့်အယှက်ရန်စွယ်အန္တရာယ်အပေါင်းကို အထူးအောင်မြင်တော်မူသောမြတ်စွာဘုရား” ဟူ၍ အဓိပ္ပာယ်ရသည်။ မြတ်စွာဘုရားရှင်သည် အတွင်းရန်၊ အပြင်ရန်အပေါင်းကိုအောင်မြင်တော်မူခဲ့သည်။ ထိုအထဲတွင် မာရ်နတ်မင်း၏နှောင့်ယှက်မှုကိုလည်း အောင်မြင်တော်မူကာ တစ်လောကလုံး၏ကိုးကွယ်ဆည်းကပ်ပူဇော်ခြင်းကိုခံယူတော်မူခဲ့သည်။



ဆင်းတုတော်အပိုင်းများအား သံမဏိမျှော်စင်ဝန်ချီစက်ဖြင့် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နေရာချထားပြီးစီးမှုကို တွေ့ရစဉ်။

ယခုအခါမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်မှုသည် ရာနှုန်းပြည့်ပြီးမြောက်တော့မည်ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံနှင့်မြန်မာနိုင်ငံသားများအပေါ် အနှောင့်အယှက်ပြုနေသည့်ပြည်တွင်းပြည်ပ ရန်အပေါင်းမှာလည်း တဖြည်းဖြည်းချုပ်ငြိမ်းလာနေပြီဖြစ်သည်။ ဤသည်ကပင် ရုပ်ပွားတော်မြတ်ကြီး၏ထူးခြားသောတန်ခိုးတော်ဟုဆိုနိုင်ပါသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသင်ကြားနိုင်ရမည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရား၏အေးမြသည့်အရိပ်အာဝါသအောက်တွင် အားလုံးအေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာနေထိုင်နိုင်ရေးဖြစ်သည်။

**စာမျက်နှာ ၂၅ သို့**

**စာမျက်နှာ ၂၄ မှအဆက်**

ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှု၊ အေးချမ်းမှု မေတ္တာတရားထားသည့် ဘာသာတရား တစ်ခုဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ တရား၏အောက်တွင် ကမ္ဘာကြီးငြိမ်းချမ်း သာယာမှုရှိစေရေးရည်ရွယ်ချက်များဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အားတည်ထားရာတွင် သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာ တည်ထုံးများနှင့်အညီ ရတနာပုံခေတ်ဟန် ဘူမိဖဿမုဒြာပုံစံဖြင့်တည်ထားပါသည်။ မြန်မာနိုင်ငံသည် ကိုလိုနီခေတ်အတွင်း နိုင်ငံ၏ယဉ်ကျေးမှုများပျက်စီးသွားခဲ့ခြင်း ကြောင့် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကို ပြန်လည်ပုံဖော်ရန်အတွက် ရတနာပုံခေတ်ဟန်ဖြင့် ထုဆစ်ကိုးကွယ် ခြင်းဖြစ်သည်။

ရုပ်ပွားတော်မြတ်ကြီးထုဆစ်မည့် ဆင်းတုတော်အပိုင်းများနှင့်ပလ္လင်တော် အပိုင်းကျောက်တုံးတော်ကြီးများကို အပိုင်း လိုက်ခွဲ၍ ရေလမ်းကြောင်း၊ ကုန်းလမ်း ကြောင်းများဖြင့် အခက်အခဲများကြားမှ အဆင့်ဆင့်ပင့်ဆောင်ခဲ့ရသည်။ ကမ္ဘာ့ အလေးချိန်အများဆုံး ရေလမ်းခရီးသယ် ဆောင်မှုနှင့် ကုန်းလမ်းခရီးသယ်ဆောင်မှု ဖြစ်သည်မှာလည်းလွန်စွာအံ့ဖွယ်ထူးခြားမှု ဖြစ်သည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးနှင့်မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ရာတွင် နိုင်ငံတော်သံဃ မဟာနာယကဆရာတော်များ၊ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်များ၏ ဩဝါဒ မိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါသိရှိ နိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ် ၌ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပါဠိ အက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာများတည်ထားဆောင်ရွက်လျက် ရှိသည်။

အဆိုပါကျောက်စာများကို ဝိနည်းမဟာ ဝါပါဠိတော်၊ ဝိနည်းမဟာဝါအဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလဏ္ဏာသအဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌကထာ စသည့် ပိဋကတ်တော်လာအဆိုများ၊ မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာတည်ထားကိုးကွယ်ခဲ့ပြီး ကမ္ဘာ ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက် ပိဋကတ်ကျမ်းစာ အုပ်များကို ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့်ရိုက်နှိပ်ပြီး Tablet များအတွင်းထည့်သွင်းရေး ဆောင်ရွက် လျက်ရှိသည်။

ဘုရားဖူးလာပြည်သူများ အနားယူနိုင် ရန်အတွက် သုဓမ္မာဇရပ်များတည်ဆောက် ခြင်း၊ မာရဝိဇယကျောင်းတော်နှင့် မုစလိန္ဒ အိုင်တည်ဆောက်ခြင်း၊ ကျည်းပင်များ စိုက်ပျိုးခြင်း၊ သာသနာရေးဆိုင်ရာ အခမ်းအနားကျင်းပပြုလုပ်နိုင်သော သံဃာ တော်အပါး ၉၀၀ နှင့်လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိသာသနာ့ဗိမာန် အဂ္ဂါမိပတိဝိသုံဂါမ သိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာတည်ဆောက်ထားခြင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဥဏ္ဏလုံမွေးရှင်တော်မြတ် တပ်ဆင် ပူဇော်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးရေရှည် တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်း တိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ် ခံနိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်များမှ ခံနိုင်မှုရှိစေရေး စနစ်တကျတွက်ချက် တည်ဆောက်မှုနှင့် ခေတ်မီနည်းပညာ များအသုံးပြုတည်ဆောက်ခြင်း လုပ်ငန်း များဆောင်ရွက်ထားသည်။ ရုပ်ပွား တော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေ ရေးအတွက် တန်ချိန် ၂၀၀၀၀ အထိခံနိုင် သော အောက်ခံအမာရရှိရေး၊ တစ်နာရီ လေတိုက်နှုန်းမိုင် ၁၂၀ ရှိသည့်လေပြင်း မုန်တိုင်းတိုက်ခတ်မှုဒဏ် ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင် သည့် ရစ်ချ်တာစကေး ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုး များကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှု မရှိစေရေးတို့အတွက် အင်ဂျင်နီယာ ရှုထောင့်မှ စနစ်တကျတွက်ချက် တည်ဆောက်ထားရှိသည်။ သက်ကြီး ရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်ရာတွင် အဆင်ပြေမှုရှိစေရေး စက်လှေကား ထည့်သွင်းတည်ဆောက် ထားရှိသည်။

ဗုဒ္ဓမြတ်စွာပေါ်ထွန်းလာသည်ကပင် တစ်လောကလုံးရှိ လူသားတို့၏ကောင်းကျိုး ကိုသယ်ပိုးပြီး မကောင်းမှုဘေးအန္တရာယ် အပေါင်းမှကာကွယ်ပေးရန်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တိုင်းသည် ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးကို ဆည်းကပ် ကိုးကွယ်ကြသည်။ မြတ်စွာဘုရားပရိနိဗ္ဗာန် စံပြီးဖြစ်သော်လည်း မြတ်စွာဘုရားဟောကြား တော်မူခဲ့သောတရားတော်များရှိသည်။ ထိုတရားတော်များကို သံဃာတော်များ က ထိန်းသိမ်းစောင့်ရှောက်ကာဒါယကာ၊ ဒါယိကာမတို့ကိုလမ်းမှားမရောက်အောင် ဟောကြားတော်မူသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ တို့သည် မကောင်းမှုမပြုဘဲ ကုသိုလ် ကောင်းမှုများဖြင့်သာ မွေ့လျော်နေထိုင် ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓ ဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင် တော်ထက်သို့စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်နေ့တွင် အဆိုပါဗုဒ္ဓဥယျာဉ်တော် အတွင်း၌ကျင်းပပြုလုပ်ခဲ့သည်။ ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်အလယ်ဗဟိုဌာန တွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်နေ့တွင် အဆိုပါဗုဒ္ဓဥယျာဉ်တော် အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးတည်ထားကိုးကွယ်မည့် ရတနာ ပလ္လင်တော်နေရာ၌ ကျင်းပပြုလုပ်ခဲ့ပါ သည်။

အဆိုပါမာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ် ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူ ပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပထမ အကြိမ်လှူဒါန်းမှုပြုရာတွင် ခုနစ်ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များစုပေါင်းလှူဒါန်း ထားသည့်ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ ၃ ကီလိုဂရမ်အပါအဝင် ဗုဒ္ဓမြတ်စွာ ဘုရား၏ဇာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန် ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာတော် သွင်းလှူပူဇော်ခဲ့သည်။

ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင်လည်း နိုင်ငံတစ်ဝန်းလုံးရှိ ခုနစ်ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးမှလာရောက်လှူဒါန်း ခဲ့ကြသည့် ရွှေထည် ၁၃၆၀ ကျပ်သား ၅ ဒသမ ၄ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၆၈၄ ကျပ်သား ၁၅ ပဲ ၁ ဒသမ ၆ ရွေး၊ ကျောက်မျက်ရတနာပါ ငွေထည်ပစ္စည်း ၁၂၆ ပဲ ၅ ဒသမ ၁ ရွေး၊ ကျောက်မျိုးစုံ၊ ပုလဲမျိုးစုံအပါအဝင် နိုင်ငံတကာမှငွေဒင်္ဂါးပြားများ၊ အဖိုးတန် ရွှေငွေကျောက်သံပတ္တမြားများကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင် တော်ထက် အလယ်ဗဟိုဌာနများတွင် ဒုတိယအကြိမ် ဌာပနာတော်သွင်းလှူ ပူဇော်ခဲ့သည်။

**စာမျက်နှာ ၂၆ သို့**



ရတနာပလ္လင်တော်ထက်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနား ကျင်းပနေမှုကိုတွေ့ရစဉ်။



ရတနာပလ္လင်တော်ထက်တွင် ဒုတိယအကြိမ် ဌာပနာတော်ထည့်သွင်းပူဇော်ခဲ့သည့် ရွှေငွေလက်ဝတ်ရတနာများကိုတွေ့ရစဉ်။

# လမြတ်ဝါဆို



မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် ဝါဆိုလသည် ထူးခြားမှုရှိသောလဖြစ်သည်။ ဝါဆိုလပြည့်နေ့သည် **"သန္ဓေတောထွက် ဓမ္မစက် တစ်ချက်ပြာဋိဟာ"** ဆိုသည့်အတိုင်း သဗ္ဗညုတဘုရားရှင်၏ ပဋိသန္ဓေနေတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ တရားဦး ဓမ္မစကြာဟောတော်မူခြင်း၊ တိတ္ထိတို့ကို အကြောင်းပြု၍ ရေမီးအစုံတန်ခိုးပြာဋိဟာများကို ပြတော်မူခြင်းဟူသော ထူးခြားသည့် ဗုဒ္ဓဝင်ဆိုင်ရာနေ့ဖြစ်လေသည်။

ဝါဆိုလကို ပုဂံခေတ်က **"မြွယ်တာ"** ဟု ခေါ်ဆိုကြသည်။ ပင်းယခေတ်၊ အင်းဝခေတ်တို့သို့ ရောက်သောအခါ **"နွယ်တာ၊ နွေတာ"** ဟု အဆင့်ဆင့်ပြောင်းလဲရေးထိုးခဲ့ကြသည်။ (၅၈၈ ခုနှစ် ရေးထိုး ပုထိုးတော်ကြီးကျောက်စာ အမှတ် ၃၇၁-၁၊ သက္ကရာဇ် ၇၄၇ ထိုး ပင်းယမြို့ဟောင်း အရပ် ကျောက်စာ၊ သက္ကရာဇ် ၇၆၈ ထိုး အဝမြို့ နန်းကျောက်စာ) ထိုဝေါဟာရမှာ နွေအလွန် မိုးအကူး လယ်ယာမြေတိုင်းတာသောလဟု အဓိပ္ပာယ်ရကြောင်းကို ဆရာကြီး ဦးဖိုးလတ်က ဖွင့်ဆိုထားလေသည်။

ပုဂံခေတ်မှစ၍ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားလာသည်နှင့်အမျှ ဘာသာရေးကို အကြောင်းပြု၍ ဆယ့်နှစ်လရာသီပွဲလမ်းသဘင်များ ဖြစ်ပေါ်လာပေသည်။

၎င်းသည်ကို သက္ကရာဇ် ၉၀၄ ခုနှစ်တွင် ရေးဖွဲ့ပြီးဆုံးခဲ့သော အရှင်အဂ္ဂသမာဓိ၏ နေမိငရဲခန်းပျို့တွင် -

**" ကထိန်သင်္ကန်း၊ ရဟန်းရှင်ပြု၊ ကျွတ်ဆုရည်ငံ၊ ပဉ္စင်းခံလျက်၊ ငှက်ပျံဖြုန်းဖြုန်း၊ တန်ဆောင်မုန်း၌၊ မီးဖုန်းမကျန်၊ သင်္ကြန်မမေ့၊ စေ့မြေလျှုဒါန်း၊ ညောင်ရေသွန်းလျက်"**

ဟု ရေးဖွဲ့မှုအရ ထိုခေတ်တွင် ပဉ္စင်းခံ၊ ရှင်ပြုပွဲတော်ရှိနေပြီဟု သိနိုင်ပေသည်။

သို့သော် ထိုမတိုင်မီ ပုဂံ၊ ပင်းယ၊ စစ်ကိုင်းခေတ်တွင် ပဉ္စင်းခံပွဲတော် ကျင်းပကြောင်းကို ကျောက်စာမင်စာများအရ မတွေ့ရဟု ဆရာကြီး ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)ဆိုထားဖူးလေသည်။ (မြန်မာ့ရိုးရာ ရာသီပွဲတော်များ-စာ-၁၁၃)

နယုန်လ စာတော်ပြန်ပွဲနှင့် ဝါဆိုလ ပဉ္စင်းခံပွဲသည် ဆက်စပ်နေလေသည်။ ပထမပြန်စာမေးပွဲကို ညောင်ရမ်းမင်းလက်ထက်တော်မှစတင်၍ ပွဲသဘင်အနေနှင့်ဆင်ယင်ကျင်းပကြောင်း သိရပေသည်။

ပထမပြန် စာပွဲသဘင်တွင် အောင်မြင်တော်မူကြသည့် ရှင်နှင့်လူပုဂ္ဂိုလ်တို့ကို ဘုရင်နှင့် ဆွေတော်မျိုးတော် မှူးမတ်တော်တို့က အမည်အရည်အလိုက် ချီးမြှင့်ထောက်ပံ့ပြီး ရှင်ရဟန်းပြု(ရှင်ပြု-ပဉ္စင်းခံပွဲ) ပြုလုပ်ကြလေသည်။ ထိုပွဲကို ဝါဆိုလပြည့်နေ့တွင် ကျင်းပသည်။ ၎င်းနှစ်ကဲ့သို့ ဝါထပ်သောနှစ်တွင်မူ ဒုတိယဝါဆိုလပြည့်နေ့မှ ကျင်းပရပေသည်။

ထိုပွဲတော်ကို လွှတ်တော်က စီမံပေးရ၏။ အင်းဝခေတ်မှသည် ကုန်းဘောင်ခေတ်အထိ ပဉ္စင်းခံပွဲဆိုင်ရာ စည်းကမ်းချက်များနှင့် မှတ်တမ်းမှတ်ရာများကို လောကဗျူဟာအင်ရုံစာတမ်းနှင့် မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတို့တွင် အကျယ်တဝင့်ဖော်ပြထားလေသည်။

၎င်း၌ ဆိုလိုသည်မှာ ဝါဆိုဝေါဟာရနှင့် ဝါဆိုလပြည့်ကိုအခြေခံ၍ ဖြစ်ပေါ်လာသော မြန်မာ့ယဉ်ကျေးမှုကို တင်ပြလိုခြင်းဖြစ်ပါသည်။ ရှေးခေတ် ကျောက်စာမင်စာ၊ ပျို့ကဗျာ လင်္ကာမော်ကွန်းတို့တွင် **"မြွယ်တာ၊ နွယ်တာ၊ နွေတာ"** စသည်ဖြင့် ရေးသားခဲ့ကြရာ ရဟန်းတော်များ ဝါဆိုဝါကပ်ပြုရာတွင် ရွတ်ဆိုကြရသည့် **"ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ" (ဝါတွင်းသုံးလကာလပတ်လုံး ဤကျောင်းတွင် သီတင်းသုံးနေထိုင်ပါမည်)** ဟူသော အဆို**ဝဿ**မှ **"ဝါ"** ဖြစ်လာပြီး အဓိဋ္ဌာန်ပြု**ရွတ်ဆို** မှုမှ **"ဆို"**နှင့်ပေါင်းစပ်က **"ဝါဆို"** ဟူသော ဝေါဟာရဖြစ်ပေါ်လာပေသည်။ ယခင်အသုံးဖြစ်သော မြွယ်တာ၊ နွယ်တာ၊ နွေတာ အသုံးများသည် ပေါရာဏ (စကားဟောင်း) ဖြစ်သွားခဲ့ပြီး **"ဝါဆို"** ကိုသာ စကားလုံးအသစ်အနေနှင့် အများစုသုံးလာကြလေတော့သည်။ ဤသို့ဝေါဟာရအသုံးတွင်ကျယ်လာခြင်းမှာ ဗုဒ္ဓဘာသာဝင်အများစုကြောင့်ဟု ဆိုရပေမည်။ [(ဝါသ= ဝါ=နေခြင်း၊ ဆို=ရွတ်ဆိုခြင်း) ဝဿသဒ္ဒါမှာ မိုးကိုလည်းဟောရာ မိုးခိုခြင်းဟုလည်း အဓိပ္ပာယ်ရလေသည်။]

ယနေ့ခေတ်အနေနှင့်ဝါဆိုဝေါဟာရသည် ဗုဒ္ဓဘာသာ မြန်မာတို့အတွက် ဝါကပ်၊ ဝါဝင်၊ ဝါခေါင်၊ ဝါကျွတ်၊ ဝါထွက်၊ ဝါပန်၊ ဝါကျိုး၊ ဝါဆိုပန်း စသည်ဖြင့် ဘာသာရေးဆိုင်ရာ စကားအသုံးအနှုန်းဝေါဟာရများ ဖြစ်ပေါ်နေပေပြီ။

မြန်မာ့တစ်ဆယ့်နှစ်လရာသီများထဲတွင် ဘာသာရေးဆိုင်ရာပွဲသဘင်နှင့် ဆက်စပ်သော လများလည်းရှိပေသည်။ အခြားဘာသာရေးဆိုင်ရာ လများရှိသော်လည်း ဝါဆိုလကမူ ပို၍ထူးခြားသည်ဟု ဆိုရပေမည်။ ဝါဆိုလပြည့် ပုဏ္ဏတိထိကို အခြေခံဆက်စပ်၍ တွက်ယူရသောနည်းစနစ်တို့ကြောင့်ဖြစ်သည်။ (ဝါကြီးထပ်၊ ဝါငယ်ထပ်၊ လထပ်၊ ရက်ငင်၊ နေကြွတ်၊ လကြွတ်၊ ရက်စုံ၊ ရက်မစုံ၊ ဝါဆို၊ ဝါကပ် စသည်များ) ရှိပေသည်။ ထိုအကြောင်းအရာများသည် ဝါဆိုလကိုဆက်စပ်၍ဖြစ်ပေါ်လာရပေသည်။

ဝါဆိုလအကြောင်းအရာနှင့် ဝါဆိုစဉ် အကြောင်းအရာများ ရေးဖွဲ့ခဲ့ကြသည့် ရှေးစာဆိုကြီးများ၏ စာအလင်္ကာများနှင့် အနုပညာရပ်များသည် မြန်မာမှုနယ်ပယ်တွင် များစွာရှိပေသည်။ (မုံရွေးဇေတဝန်ဆရာတော်၏ တက်ထွန်းကျက်သရေအစချီ ဝါဆိုစဉ်လင်္ကာ၊ မန်လည်ဆရာတော်ဘုရား၏ ရှေးကတန္တိ ပဝေဏီဖြင့်- အစချီ ဝါဆိုစဉ်လင်္ကာ၊ ပုဂံဥပါလိသိမ်ဝါဆိုစဉ် နံရံဆေးရေးပန်းချီစသည်များ)

ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားသော လူမျိုးတစ်မျိုးကို အခြေခံသတ်မှတ်တိုင်းတာရာတွင် သင်္ချာကိန်းဂဏန်းတွက်ရိုးနှင့် ကကြိုးကလက် ကကွက် (လူရိုင်းများကဲ့သို့ ခုန်ပေါက်သောအကများကိုမဆိုလို) တို့ကို သုံးသပ်ဆုံးဖြတ်သည့် အချက်အလက်သည်လည်း တစ်ခုအပါအဝင်ဟု မှတ်သားဖူးပါသည်။ ဤသို့ဆိုလျှင် ရှေးမြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဤဝါဆိုဆိုင်ရာ မြန်မာမှုများနှင့်လည်း တိုင်းတာသိရှိနိုင်သည်ဟု ဆိုရပေသည်။

ရှေးမြန်မာတို့ ရာစုနှစ်အဆက်ဆက် မြန်မာပြက္ခဒိန်တွက်ရိုး၊ သက္ကရာဇ်ဖြိုခြင်း၊ နှစ်ကြွင်းထားခြင်း၊ သက္ကရာဇ်တို၊ သက္ကရာဇ်ရှည်များရှိခဲ့ခြင်း စသည်များတွင် ဤဝါဆိုလ အာသဠ္ဍီနက္ခတ်ကို အခြေတည်မှုပြုခြင်းသည်လည်း အချက်အလက်တစ်ခုဖြစ်ပေသည်။ အာသဠ္ဍီနက္ခတ်ဆိုသည်မှာ ပြုဗ္ဗာသာဠ်၊ ဥတ္တရာသာဠ် နက္ခတ်နှစ်လုံးပေါင်းစပ် ခေါ်ဝေါ်ခြင်းဖြစ်သည်။

ဆောင်းပါးအစတွင် ဖော်ပြခဲ့သော **"သန္ဓေတောထွက် ဓမ္မစက် တစ်ချက်ပြာဋိဟာ"**ဆိုသော ဝါဆိုလပြည့်နေ့ ဗုဒ္ဓဝင်ဖြစ်စဉ်တွင် ထိုအာသဠ္ဍီနက္ခတ်တွင် ပါဝင်သော ဥတ္တရာသာဠ်နက္ခတ်နှင့် စန်းယှဉ်သောနေ့အခါများ ဖြစ်လေသည်။

ထိုသို့သော လပြည့်တိထိ အတိအကျသည် ၎င်းနှစ် (သာသနာတော်နှစ်-၂၅၆၇၊ ကောဇာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ ၁-၈-၂၀၂၃ ) သန်းခေါင်ကျော်မှ ဩဂုတ်လ ၂ ရက် (၂-၈-၂၀၂၃ ဗုဒ္ဓဟူးနေ့ နံနက် ၁ နာရီ ၀၂ မိနစ်အချိန်တွင် ပြည့်ဝပါမည်) (Supermoon အဖြစ်မြင်တွေ့ရမည်) ဥတ္တရာသာဠ်နက္ခတ်တိုက်စွဲဒေသဖြစ်သော ဓနုရာသီပထမပတ်နှင့် မကာရရာသီ ဒုတိယ၊ တတိယ၊ စတုတ္ထပတ်ဒေသတိုက်စွဲဖြစ်သော ကမ္ဘာ့တိုင်းပြည်နိုင်ငံဒေသများအလိုက် ထိုကာလအတွင်း ပြုလုပ်ချမှတ်သည့် အကြောင်းအရာအားလျော်စွာ အနာဂတ်အတွက် ထူးခြားကောင်းမွန်မှုများ ဖြစ်ကြပါမည်တည်း။ ။

**မောင်လူမွှေး(မြန်မာမှု)**

---



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မတည်အလှူငွေများစုပေါင်းလှူဒါန်းကြခြင်းအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။

**စာမျက်နှာ ၂၅ မှအဆက်**

နိုင်ငံတော်အကြီးအကဲက ဇွန်လ ၂၉ ရက် နံနက်ပိုင်းတွင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသသည်။ ထိုရှင်းလင်းပြသခြင်း အခမ်းအနားတွင် တက်ရောက်လာကြသူ အလှူရှင် ၁၀၁ ဦးက သဒ္ဓါတရားစိတ်ထက်သန်စွာ အလှူငွေကျပ် ၁၆၁၇၇ သန်း ( ၁၆ ဒသမ ၁၇၇ ဘီလီယံ)လှူဒါန်းခဲ့ကြသည်။ မြန်မာတို့၏ စေတနာသဒ္ဓါထက်သန်မှုမှာ အံ့ဩဖွယ်ကောင်းလှသည်။ ဇူလိုင်လ ၁၃ ရက်နေ့ကလည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများအတွက် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ ဦးမောင်မောင်မိသားစုက အလှူငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းခဲ့သည်။

နေ့စဉ်လှူဒါန်းလျက်ရှိသောအလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်းကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် လှူဒါန်းသည့်သာသနိကအဆောက်အအုံ၊ လှူဒါန်းငွေများနှင့်အတူဖော်ပြပေးလျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပြီးစီးမှု အခြေအနေများအားယာယီသမ္မတဦးမြင့်ဆွေ၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့် တပ်မတော်အငြိမ်းစားအရာရှိကြီးများအားရှင်းလင်းပြသခဲ့သည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသူများကလည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်တည်ဆောက်ခြင်းအတွက် သဒ္ဓါစိတ်ထက်သန်စွာ အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့ပြင် ဇူလိုင် ၂၃ ရက်တွင် တတိယအကြိမ်အဖြစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြသသည့်အခမ်းအနားကျင်းပသည်။ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရှင်းလင်းပြသမှုအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အလှူရှင် ၃၇၇ ဦးမှ လှူဒါန်းငွေ ၁၇ ဒသမ ၄၁၅ ဘီလီယံ(ငွေကျပ် ၁၇၄၁၅ သန်း) လှူဒါန်းခဲ့ကြသည်။ ဇူလိုင် ၂၉ ရက်တွင်လည်း ပြည်တွင်းပြည်ပအလှူရှင် ၂၇၄ ဦးမှ လှူဒါန်းငွေကျပ် ၅ ဒသမ ၀၄ ဘီလီယံ (ငွေကျပ်သန်း ၅၀၀၀ ကျော်)၊ အမေရိကန်ဒေါ်လာ ၂၃၀၀၀ နှင့် ထိုင်းဘတ်ငွေ တစ်သိန်းလှူဒါန်းခဲ့ကြသည်။

အနှစ်ချုပ်ဆိုရသော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံအတွက် ခေါင်းဆောင်ကောင်း ပေါ်ပေါက်လာခြင်း၊ ကမ္ဘာပေါ်တွင် ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပေါ်ထွန်းလာခြင်း၊ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းသူဘုရားဒါယကာ၊ ဒါယိကာမများပေါ်များခြင်းတို့မှာ ရဟန်းရှင်လူပြည်သူတစ်ရပ်လုံးအတွက် စိတ်နှလုံးချမ်းမြေ့ဖွယ်၊ ဝမ်းသာအားရ သာဓုခေါ်ဆိုဖွယ်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည် ခင်ဗျာ။ ။

# မြန်မာ့ရုပ်မြင်သံကြား၏ တောင်သူလယ်သမားရုပ်သံလိုင်းနှင့် အားကစားရုပ်သံလိုင်းများ အဆင့်မြှင့်တင်ထုတ်လွှင့်မှုဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၃၁**

၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်(ဝါဆိုလပြည့်နေ့)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ခြင်း နှစ်နှစ်နှင့် ခြောက်လပြည့်မြောက်မှု အထိမ်းအမှတ်နှင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးအဖြစ် ကမ္ဘာ့စံချိန်တင် မာရဇိဇယရုပ်ပွားတော်မြတ်ကြီးကို နေပြည်တော်တွင် တည်ထားပူဇော်မှုအနေကဇာတင်လှူခြင်း အခမ်းအနားကျင်းပမည့် အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Hey Play Co., Ltd တို့ပူးပေါင်း၍ MRTV Farmers' Channel နှင့် MRTV Sports Channel အဆင့်မြှင့်တင်ထုတ်လွှင့်မှု (Channel Rebranding) ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့်ဇနီး၊ ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ Hey Play Co.,Ltd မှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများနှင့် နိုင်ငံကျော်တေးသံရှင်များက သီချင်းများဖြင့်ဖျော်ဖြေတင်ဆက်ကြပြီး "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက MRTV Farmer's Channel နှင့် MRTV Sports Channel များအား အဆင့်မြှင့်တင်ထုတ်လွှင့်ခြင်း (Channel Rebranding) ကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် စတင်ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တေးသံရှင်ထူးအယ်လင်းသီဆိုထားသည့် "ကျွန်ုပ်တို့ မြန်မာပြည်" တေးသီချင်းကို ဖွင့်လှစ်ပြသသည်။

ဆက်လက်၍ MRTV Farmers' Channel Rebranding ဆိုင်ရာ ဆောင်ရွက်ချက်နှင့် MRTV Sports Channel Rebranding ဆိုင်ရာ ဆောင်ရွက်ချက် Promo Video Clip တို့ကိုပြသသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က MRTV Farmers' Channelနှင့် MRTV Sports Channel တို့ကို ဩဂုတ် ၁ ရက်မှစတင်၍ အဆင့်မြှင့်တင်ထုတ်လွှင့်နိုင်ရန် Channel များအလိုက် စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံသို့ MRTV Farmers' Channel နှင့်MRTV Sports Channel အဆင့်မြှင့်တင်ထုတ်လွှင့်နိုင်ခြင်းအတွက် အဆိုပါChannel များ စတင်ထုတ်လွှင့်ချိန်မှ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များဖြစ်ကြသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့် သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရတို့က ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက "သွေးချင်းတို့ဌာနေမြန်မာပြည်"သီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့က အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များအား အမှတ်တရလက်ဆောင်များ လက်ရောက်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းနောင်တို့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှဖျော်ဖြေရေးအဖွဲ့များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဦးအောင်နိုင်ဦးနှင့် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က ပြင်ပအနုပညာရှင်အဖွဲ့များကို လည်းကောင်း ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရုပ်မြင်သံကြားသတင်းထုတ်လွှင့်မှုအခန်း Convergence News Room၊ MRTV HD၊ MRTV News Channel ထုတ်လွှင့်ခန်းများ၊ Farmers' Channel နှင့်Sports Channel ထုတ်လွှင့်ခန်းများ၊ MRTV News Channel News Studio နှင့် Farmers' News Studio တို့ကိုလည်းကောင်း ကဏ္ဍတစ်ခုချင်းစီအလိုက် စိတ်ဝင်စားစွာ လိုက်လံကြည့်ရှုအားပေးကြသည်။

MRTV Farmers' Channel ကို လယ်ယာကဏ္ဍဆိုင်ရာ ခေတ်မီစိုက်ပျိုးမွေးမြူနည်းစနစ်များ၊ စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာ၊အတွေ့အကြုံ၊ အသိပညာဗဟုသုတရရှိစေရန် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှ စတင်၍လည်းကောင်း၊ MRTV Sports Channel ကို အားကစားနည်းစနစ်များ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ ပြည်တွင်း၊ ပြည်ပအားကစားပွဲများ ကြည့်ရှုနိုင်ရန် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ လည်းကောင်း ထုတ်လွှင့်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ Hey Play Co., Ltd နှင့်ပူးပေါင်း၍ အစီအစဉ်များအဆင့်မြှင့်တင်ခြင်း Rebranding ဆောင်ရွက်ပြီး ဩဂုတ် ၁ ရက်မှစတင်၍ နံနက် ၆ နာရီမှ ည ၁၂ နာရီထိ စုစုပေါင်း ၁၈ နာရီကို ထုတ်လွှင့်သွားမည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ရုပ်သံနှင့်ရေဒီယို FM အစီအစဉ်များကို နေ့စဉ်ထုတ်လွှင့်လျက်ရှိရာ ရုပ်သံထုတ်လွှင့်မှုကို DVB-T2 စနစ်ဖြင့် In-House Channel ခြောက်ခုအပါအဝင် ပုဂ္ဂလိက Channel များထည့်သွင်းပြီး Channel ၁၈ ခုဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည့်အပြင်DTH စနစ်ဖြင့်လည်း ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ In-House Channelများဖြင့် ထုတ်လွှင့်လျက်ရှိရာမှ ယခုအခါ ရုပ်သံမီဒီယာဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် Channel အသစ်များ ထပ်မံထည့်သွင်းထုတ်လွှင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရန် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်ကိုပြင်ဆင်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အလေးအနက်ထားအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် နိုင်ငံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့၌ တိုးတက်မှုများရရှိခဲ့သည့်အခြေအနေများ၊ အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ပညာရေးကဏ္ဍမြင့်မားတိုးတက်စေရေးကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိမှုနှင့် အကြမ်းဖက်သမားများ၏ ပညာရေးကဏ္ဍနိမ့်ကျစေရေး အကြမ်းဖက်မှုများကိုလုပ်ဆောင်လျက်ရှိသည့်အခြေအနေများ၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်သတင်းပို့မှုများကြောင့် ဖမ်းဆီးရရှိမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် MSME လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ ဘဏ္ဍာရေးနှစ်အလိုက် GDPတိုးတက်လာမှုနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် GDP ဆက်လက်တိုးတက်စေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့မှုနှင့် လုံခြုံရေးအရ ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်မည့်အခြေအနေများ၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCAလက်မှတ်ရေးထိုးထားခြင်းမရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်စဉ်များပေါ်ပေါက်ခဲ့သည့်အခြေအနေများ၊ မဲစာရင်းမှန်ကန်တိကျမှုရှိစေရေးအတွက် အဓိကကျသည့် သန်းခေါင်စာရင်းကောက်ယူရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် အကြမ်းဖက်သမားများ၏ နှောင့်ယှက်တိုက်ခိုက်မှုကြောင့် နှောင့်နှေးမှုများဖြစ်ပေါ်နေရသည့်အခြေအနေများ၊ မိုခါမုန်တိုင်းဝင်ရောက် တိုက်ခတ်ခြင်းမပြုမီတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာအခင်းအကျင်းများ၊ ရွေးကောက်ပွဲကျင်းပရေးနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို တင်ပြခဲ့သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်အပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းသုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ ယာယီသမ္မတအပါအဝင်အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်အားလုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးလျက်ရှိသော်လည်း နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF တို့က အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အများပြည်သူဆိုင်ရာနေရာများကို အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်ခြင်း၊ နိုင်ငံ၏ပညာရေးနိမ့်ပါးကျဆင်းစေရန် ဘက်ပေါင်းစုံမှလုပ်ဆောင်ခြင်း၊ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတား၊ မီးရထားလမ်းများကို ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း ဆွေးနွေးခဲ့ကြသည်။ အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ပျက်ပြားစေရုံသာမကဘဲ ပြည်သူလူထုကို အကြောက်တရားဖြင့်လွှမ်းမိုးကာ နိုင်ငံတော်၏အာဏာကို အကြမ်းဖက်မှု နည်းလမ်းများဖြင့်ရယူရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့် အခြေအနေရှိနေဆဲဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ ၎င်းအပြင် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ၏ပြင်ဆင်ချိန်၊ စည်းရုံးချိန်များတွင် လုံခြုံရေးအရခြိမ်းခြောက်မှုများတွေ့ကြုံနေရခြင်း၊ မဲစာရင်းများမှန်ကန်တိကျမှုရှိစေရေးအတွက် သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် လွတ်လပ်၍တရားမျှတပြီး အကြောက်တရားကင်းစွာဖြင့် မဲပေးနိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ဆဲဖြစ်ခြင်းတို့ကြောင့် အရေးပေါ်ကာလကို သက်တမ်းတိုးမြှင့်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရလည်းကောင်း၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင်ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ သဘောထားထုတ်ပြန်ချက်အရလည်းကောင်း နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ နောက်ထပ် ခြောက်လ သက်တမ်းတိုးမြှင့်လိုက်သည်။

၃။ အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ တက်ရောက်ခဲ့ကြကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**(ပုံ) မြင့်ဆွေ**
**ယာယီသမ္မတ**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်း



ဧရာဝတီတိုင်းဒေသကြီး ကွင်းကောက်မြို့ ကျွန်းခြားကျောင်းတိုက်၌ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။



နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ စခန်းသာဘုန်းတော်ကြီးကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ၊ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေး၊ တရားဘာဝနာများအားထုတ်နိုင်ရေးနှင့် မြို့ရွာများ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့၌လည်းကောင်း ဘုရားစေတီပုထိုးဝန်းကျင်နှင့် ဘုန်းတော်ကြီးကျောင်းဝန်းအတွင်း၊ အပြင်တို့၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ဘုရားရင်ပြင်တော်များကို သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် တာဝန်ရှိသူများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်များကို ဖူးမြော်ကြည်ညိုကြပြီး သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဝါဆိုသင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၃၁**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၃၀ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ei Phyu Zin” အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ဘီးလင်းမြို့ ဆရာစံရပ်ကွက်နေ အိဖြူဇင်ကို နံနက် ၈ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊“Win Naing” အကောင့်ပိုင်ရှင်ဖြစ်သူ ဘီးလင်းမြို့ ကန်သာယာ(၈)ရပ်ကွက်နေ ဝင်းနိုင်ကို နံနက် ၈ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို **၃၁-၇-၂၀၂၃ ရက်နေ့** (အစား) **၁၂-၈-၂၀၂၃ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**စာအုပ်စာပေ လူ့မိတ်ဆွေ**


## ကျိုက်လတ်မြို့နယ်တွင် ငါးပြေမ တစ်ပိဿာလျှင်ငွေကျပ် ၁၀၅၀၀ ထိဈေးကောင်းရရှိနေ

**ကျိုက်လတ် ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် လျှင်ငွေကျပ် ၁၀၅၀၀ ထိ ဈေး မွေးမြူရေးငါးပြေမ တစ်ပိဿာ ကောင်းရရှိနေကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်အေးက ပြောပြ၍ သိရသည်။



ကျိုက်လတ်မြို့နယ်တွင် မေလနှင့် ဇွန်လက မွေးမြူရေးငါးပြေမ တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိသာ ရရှိခဲ့ပြီး ဇူလိုင် ၁ ရက်မှ ယနေ့ထိ မွေးမြူရေး ငါးပြေမ တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါ မွေးမြူရေးငါးပြေမများကို ရန်ကုန်မြို့က ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

"လက်ရှိ မွေးမြူရေးငါးပြေမတွေ ဈေးကောင်းရရှိနေပါတယ်။ ငါးပြေမတွေကို ရန်ကုန်မြို့ဘက်က အများဆုံးဝယ်ယူနေပါတယ်။ ဝယ်ယူမှုအားကောင်းလို့ဈေးကောင်းရရှိနေတာပါ။ အရောင်းအဝယ်ကောင်းတော့ မွေးမြူရေးလုပ်ငန်းရှင်တွေ အဆင်ပြေလာကြတာတွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်အေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် မွေးမြူရေးငါးပြေမများကို ရန်ကုန်မြို့သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ မွေးမြူရေးငါးပြေမ မွေးမြူရာတွင် ငါးသားပေါက်များကိုအရွယ်အစားခွဲခြားရန် မလိုအပ်ခြင်း၊ အသေအပျောက် မရှိသလောက်နည်းပါးခြင်း၊ မိုးကာ သို့မဟုတ် အုတ်ကန်များဖြင့်လည်း အလွယ်တကူမွေးမြူနိုင်ခြင်း၊ စတင်မွေးမြူသည့်ရက်မှ ၇၅ ရက်ခန့်စောင့်ပြီး ပြန်လည်ဖမ်းယူရောင်းချနိုင်ခြင်းကြောင့် ကာလတိုအတွင်း ငွေပြန်ပေါ်ပြီး ဈေးကွက်အခိုင်အမာရှိသောကြောင့် မွေးမြူရေးငါးပြေမများကို မွေးမြူလာခြင်းဖြစ်ကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။ **ကျော်ကျော်လင်း**

## ဟုမ္မလင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌သီးနှံစုံဧက ၃၉၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ဟုမ္မလင်း ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံဧက ၃၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၉၁၃၈၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ကြရာ ယခုအခါသီးနှံစုံ၃၉၄၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"မိုးသီးနှံစိုက်ပျိုးမှုကတော့ ကောင်းပါတယ်။ တစ်နှစ်နဲ့တစ်နှစ် မိုးသီးနှံစိုက်ပျိုးမှုကတော့ တိုးစိုက်နိုင်တဲ့အနေအထားရှိပါတယ်။ ဒီနှစ် မိုးရာသီကာလမှာ မိုးသီးနှံစုံဧက ၉၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားတယ်။ လက်ရှိ ဧက ၃၉၀၀၀ ကျော် စိုက်ပြီးနေပါပြီ။ ဒီနှစ်မိုးသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးရန် သီးနှံအလိုက်လျာထားမှုအနေဖြင့် နံစား ၆၄၄၂၄ ဧက၊ ပဲမျိုးစုံ ၂၆၇ ဧက၊ ဆီထွက်သီးနှံ ၁၈ ဧက၊စက်မှုသီးနှံ ၈၃၇၂ ဧက၊ ကွမ်းသီး၊ ကွမ်းရွက် ၂၈၈ ဧက၊ ဟင်းခတ်အမွှေးအကြိုင် ၁၈၅ ဧက၊ အခြားစားသုံးပင် ၁၃၅၉၁ ဧက၊ ကြယ်ပဲ(ပရဆေး) ၁၅ ဧက၊ အခြားမစားသုံးပင် ၄၂၂၆ ဧက စုစုပေါင်း ၉၁၃၈၆ ဧကတို့ဖြစ်ကြောင်း၊ သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် နံ့စား ၁၂၃၇၅ ဧက၊ ပဲမျိုးစုံ ၁၉၉ ဧက၊ ဆီထွက်သီးနှံ ၁၃ ဧက၊ စက်မှုသီးနှံ ၈၂၃၆ ဧက၊ ကွမ်းသီး၊ ကွမ်းရွက် ဧက ၃၀၀၊ ဟင်းခတ်အမွှေးအကြိုင် ၂၁၃ ဧက၊ အခြားစားသုံးပင် ၁၃၇၉၆ ဧက၊ ကြယ်ပဲ(ပရဆေး) ၁၅ ဧက၊ အခြားမစားသုံးပင် ၄၂၇၆ ဧက စုစုပေါင်း ၃၉၄၂၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၉၀၂၉၆ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၉၀၉၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစုံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ပေးခြင်း၊ ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များ လက်တွေ့ပြသဆောင်ရွက်ပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း၊ ပိုးမွှားရောဂါမကျရောက်အောင် ကာကွယ်နည်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က မိုးမြေပဲစိုက်ခင်းကို တွေ့ရစဉ်။







## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀/၁)၊ မြေကွက်အမှတ်(၂-က)၊ ဧရိယာ (၃. ၉၂၅)ဧကနှင့် မြေကွက်အမှတ် (၂-ခ)၊ ဧရိယာ (၁. ၆၀၈)ဧကအကျယ်အဝန်းရှိ ဂရန်မြေပေါ်တွင် Mandalay Garden City Co.,Ltd မှ ဆောက်လုပ်ထားသော Garden City Apartment Complex ၏ တိုက်အမှတ်(၃)၊ အလွှာ(၃)၊ အခန်းအမှတ်(၁)၊ (၉၂၅) စတုရန်းပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် တိုက်ခန်းသွယ်တန်းတပ်ဆင်ထားသည့် ပစ္စည်းအားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ရှိသူ ဦးယုခိုင်(ခ)အောင်ကျော်စိုး(ဘ)ဦးမိတ် (၉/မရတ(နိုင်)၀၁၆၇၆၆) ထံမှ ဦးဇော်မိုးဝင်း (ဘ) ဦးဖေဝင်း (၁/ဗမန(နိုင်)၀၁၁၇၇၃) က ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ တချို့တစ်ဝက်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တရားဝင်ပိုင်ဆိုင်ခွင့်ရရှိစေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မိုးဝင်း (ဘ) ဦးဖေဝင်း**
**(၁/ဗမန(နိုင်)၀၁၁၇၇၃)၊ 09-977277194**

## My Home ခြင်လုံဇကာ
## ဝန်ထမ်းအမြန်အလိုရှိသည်

၁။ **အထွေထွေ ကျား (၂) ဦး**
- အတွေ့အကြုံမလို၊ သံပန်းကျွမ်းကျင်ဦးစားပေးမည်။

၂။ **မော်တာစက်ချုပ်ကျွမ်းကျင် မ (၂) ဦး**
- အတွေ့အကြုံ (၂)နှစ်

09-980201670

မန္တလေး၊ လမ်း ၆၀ × ၁၁၀၊ မနော်ဟရီထောင့်။

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အ.ထ.က (ညောင်ရွှေ)တွင် အထက်တန်းပြဆရာဝန်ထမ်းဆောင်နေသော ဒေါ်နွယ်နီဝင်း(ဘ)ဦးအောင်ခင်(၉/အမရ(နိုင်)၀၉၆၀၅၄)၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)အရ ၁၅-၈-၁၉၈၁ ဖြစ်ပါကြောင်း။ ၁၅-၈-၁၉၈၁

## စာအုပ်စာပေ လူ့မိတ်ဆွေ

## "အဂတိပယ်ခွာ ပြည်သာယာ"
## Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့်လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်...

❖ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ပြုလုပ်သော ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့်ရေစက်ချခြင်းစသည့် မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်ချီးမြှင့်တော်မူကြမည့် ပြည်ပနိုင်ငံများမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို



ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဆရာတော်ကြီးထံ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ပုံစံတူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချခြင်းစသည့် မဟာမင်္ဂလာအခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာနေ့) ခရစ်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**


Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..